**အခန်း (၁)**

**အပိုင်း (၆၀၃) – ဒီကျောင်းသားကိုလိုချင်တယ်**

"ဘာလို့လဲ ဒီမှာက ကျောင်းသားရွေးချယ်ပွဲမဟုတ်ဘူးလား" ရှီမာယူယူ သည် မှင်တက်သွားကာ မေး လိုက်သည်။

"မင်းဝင်လို့မရဘူးဆိုတဲ့ အချိန်ကိုသတ်မှတ်ထားတာတော့မရှိဘူး၊ ဒါပေမဲ့ စာမေးပွဲပြီးဖို့ ၃နာရီခွဲပဲကျန် တော့တယ်၊ ဒီလောက် အချိန်တို အတွင်းကို အဆင့်၆ဆေးဖော်ဖို့ မင်းအတွက် လုံးဝမဖြစ်နိုင်ဘူး၊ အဲတော့ မင်းဝင် သွားလည်း အကျိုးမရှိတဲ့အပြင် တခြားကျောင်းသားတွေကိုတောင် အနှောင့်အယှက်ဖြစ်စေဦးမယ် မင်းပြန်သွား သင့်တယ်"

"မဟုတ်ဘူး ကျွန်တော်ပြီးအောင်လုပ်ချင်တယ်" ရှီမာယူယူသည် ခိုင်မာစွာပြောလေသည် "ကျွန်တော် ပြီးအောင်လုပ်ရမယ်"

"မရဘူး အိမ်ကိုသာပြန်လိုက်ပါ၊ နောက်တစ်ခါရွေးချယ်မှုကိုတော့ စောစောလာခဲ့လိုက်၊ နောက်ထပ် အခွင့်အရေးကိုတော့ လက်မလွှတ်စေနဲ့" ဆရာသည် လက်ရမ်းပြကာ သူမအားထွက်သွားခိုင်းလေသည်။

"ဆရာ ဒီရွေးချယ်ပွဲက ကျွန်တော့်အတွက် အရမ်းအရေးကြီးလို့ပါ ဝင်ခွင့်ပေးပါ" ရှီမာယူယူသည် အသနားခံလေသည်။

"ငါ ဝင်ခွင့်ပြုတာ မပြုတာနဲ့မဆိုင်ဘူး၊ မင်းအခုဝင်သွားလည်း အချိန်မှီ မှာမဟုတ်ဘူး၊ ဝင်သွားပြီး ရုတ်ရုတ်သဲသဲဖြစ်အောင် မလုပ်နဲ့" ဆရာသည် အေးစက်လွန်းသည်တော့မဟုတ်ပေ။ ဒီလိုလူငယ်လေး တစ် ယောက်မှ တောင်းဆိုနေသဖြင့် သူအနည်းငယ်တော့ တွေဝေသွားသည်။

အတွင်းနှင့် အပြင်ဂိုဏ်းကြားတွင် ကွာခြားချက်ကြီးမားသည်ကို သူ နားလည်သည်။

"ဘာတွေဖြစ်နေတာလဲ" ဟော်လန်သည် အနောက်မှ လျှောက်လာကာ မေးလေသည်။

"ဆရာဟော်"

"ဆရာဟော် ဒီကျောင်းသားက စာမေးပွဲဝင်ဖြေချင်တယ်လို့ ပြောနေတယ်" ဆရာပြန်ဖြေလေသည်။

"သူ့ကိုဝင်ခွင့်ပေးလိုက်ပါ" ဆရာဟော် ပြောလေသည်။

"ဒါပေမဲ့ အခုက အချိန်မရှိတော့ဘူး သူ..."

"သူ့ကို ဝင်ခွင့်ပေးလိုက်ပါ" ဆရာဟော်သည် ထပ်ပြောပြီးနောက် လှည့်ကာ ထွက်သွားလေသည်။

ဟော်လန် ဘာကြောင့် သူ့ကိုဝင်ခိုင်းသည်ကို အပြင်တွင် စောင့်နေသောဆရာသည် နားမလည်တော့ပေ။ သို့သော် သူသည် သူမအား ဝင်ခိုင်းလေသည်။

"ကျေးဇူးပါ ဆရာ" ရှီမာယူယူသည် သူ့အားပြုံးပြပြီး စာမေးပွဲနေရာသို့ပြေးသွားလေသည်။

ဘေဂုံထန်နှင့် တခြားသူများသည် သူမ နေရာအားပြောပြပြီးသဖြင့် ထိုနေရာသို့သာ တိုက်ရိုက်ပြေးသွား လိုက်သည်။ သူမ သူတို့အား မြင်သောအခါ ပြုံးပြပြီးနောက် စာပွဲပေါ်ရှိ ပါဝင်ပစ္စည်းများကို စစ်ဆေးတော့သည်။

သူမ ဝင်လာသည်ကိုတွေ့တော့မှပင် ဘေဂုံထန်နှင့် ဝူရန်ဖေတို့သည် သက်ပြင်းချနိုင်ပြီး ပေါင်းစပ်ခြင်း လုပ်ငန်းစဉ်ကို ဆက်လုပ်နေလေသည်။

ရှုဂျင်သည် ထိုင်ခုံတွင် ပျင်းရိစွာမှီနေပြီး ဟော်လန်ပြန်လာသည်ကို တွေ့လိုက်သည် "သူလား" သူသည် ပြုံးပြီးမေးလိုက်သည်။

ဟောလန်သည် ပြန်မဖြေပဲ ရှီမာယူယူ ဆေးဖော်နေသည်ကို လုံးဝ အာရုံစိုက်ထားသည်။

ရှုဂျင်သည် သူ၏ အကျင့်ကိုသိပြီးသားဖြစ်၍ ဒေါသမဖြစ်တော့ပဲ ရှီမာယူယူဆေးဖော်နေသည်ကိုသာ ကြည့်နေလေသည်။

"အချိန်မရှိတာကို ပါဝင်ပစ္စည်းတွေကို သေချာစစ်နေတယ်၊ သူ့ရဲ့ နှစ်မြုပ်ထားနိုင်စွမ်းကတော့ မဆိုးဘူး ပဲ၊ ဒါပေမဲ့ အစ်ကိုဟော် ဒီလောက် အချိန်တိုအတွင်းမှာ သူ ကြာစိမ်းဆေးကို ဖော်နိုင်မယ်လို့ထင်လား"

ဟော်လန်သည် ဒီတစ်ခေါက်တွင် အမှန်ပင် စိတ်ရှုပ်သွားသည်။ သူပြုံးလိုက်သော်လည်း ရှုဂျင် လန့်သွား သည်။

"အဆင်ပြေမှာပါ သူ့အတွက်တော့ အချိန်များရင်များနေမှာ"

ရှုဂျင်သည် သူ့အပြုံးကိုကြည့်ပြီး လန့်နေမိရာ ပြောဆိုမိလေသည် "သေစမ်း မဖြစ်နိုင်တာ အစ်ကိုဟော် ပြုံးလိုက်တာလား၊ ကောင်းကင်ကြီးရေ ဒီရေခဲတုံးကြီးက ပြုံးတတ်သေးတယ်"

သူအော်လိုက်သောအခါ တခြားဆရာများသည် သူတို့အား ကြည့်မိကြလေသည်။ သူတို့သည် အစပိုင်း တွင် အော်လိုက်သောဆရာကို ကြိမ်းမောင်းရန်ဖြစ်သော်လည်း အော်လိုက်သူမှာ ရှုဂျင်ဖြစ်သည်ကို သိသောအခါ ပြန်လှည့်သွားကြလေသည်။

ဒီလူက ရှုးသွပ်နေတဲ့လူပဲ။ သူတို့က သူနှင့်ပတ်သတ်လိုခြင်းမရှိကြပေ။

ရှုဂျင်သည် သူတို့အား ဂရုမစိုက်ပဲ ဟော်လန်နှင့် စကား ဆက်ပြောလေသည်။ သို့သော် ဟော်လန်သည် သူ့အား လျစ်လျူရှုကာ ပြန်မဖြေပေ။

"ဟော်လန် ဘာလို့သူ့ကိုပဲကြည့်နေတာလဲ၊ အခု ၃နာရီပဲကျန် တော့တယ် ကြာစိမ်းဆေးကို ဖော်ဖို့က မဖြစ်နိုင်တော့ဘူး.. သေစမ်း ငါမြင် နေရတာက သူ တကယ်ပဲ..."

ရှုဂျင်၏ မျက်နှာထားသည် ခုနက ဟော်လန်ပြုံးလိုက်သည်ကို တွေ့သည်ထက်ပင် ပိုထိတ်လန့်နေ သည်။ သူသည် ရှီမာယူယူအား ညွှန်ပြပြီး တုန်ယင်နေကာ စကားဆက်မပြောနိုင်တော့ပေ။

သူ၏ တုန့်ပြန်မှုကို တခြားဆရာများတွေ့သောအခါ ရှီမာယူယူကို ကြည့်လိုက်ကြသည်။ သူမသည် ပါဝင်ပစ္စည်းများကို ဆေးဖိုထဲသို့ တပြိုင်နက် ထဲထည့်လိုက်သည်ကို တွေ့သောအခါ သူတို့သည် အလွန်အံ့သြမိ ကြလေသည်။

"သူရူးနေတာလား၊ ပါဝင်ပစ္စည်းတွေကို ဘယ်လိုလုပ် တစ်ခါ တည်းထည့်ရတာလဲ၊ သူ အဲလိုပုံနဲ့ ကြာစိမ်း ဆေးကို ဘယ်လိုလုပ် ဖော်နိုင်မှာလဲ ဖြုန်းတီးလိုက်တာပဲ ဖြုန်းတီးတာ" ဆရာတစ်ယောက် အော်လိုက်သည်။

"အဲဒါ ဘယ်သူ့ကျောင်းသားပဲ၊ ပါဝင်ပစ္စည်းတွေကို ဘယ်လိုလုပ် ဒီလိုဖြုန်းတီးတာလဲ၊ အပြင်ဂိုဏ်းက ဆရာတွေက ကျောင်းသားတွေကို ဒီလိုပဲသင်ထားတာလား"

"သူက ကျွန်တော့်ကျောင်းသားမဟုတ်ဘူး"

"ကျွန်တော့်ကျောင်းသားလည်းမဟုတ်ဘူး"

"မဟုတ်ဘူးဆိုရင်တောင် သူ့ကို ပါဝင်ပစ္စည်းတွေကိုဒီလိုမျိုး အလေအလွင့်မဖြစ်စေချင်ဘူး၊ ဒီလိုမျိုး ဆေးပါဝင်ပစ္စည်းတွေရဲ့ တန်ဖိုးကို မသိတဲ့ကျောင်းသားကို ဂိုဏ်းကအပြစ်ပေးသင့်တယ်"

"အဲဒါ အခုလေးတင်ဝင်လာတဲ့ ကျောင်းသားမလား၊ ဒီလိုကျောင်းသား ကိုဘာလို့ အဝင်ခံတာလဲ"

"ကျွတ်"

သူတို့ အပူတပြင်းဆွေးနွေးနေချိန်တွင် ရှီမာယူယူသည် နောက်ထပ် ပါဝင်ပစ္စည်းတချို့ကို ပစ်ထည့်ကာ ဆေးဆက်ဖော်နေလေသည်။

"ဘုရားရေ ဘုရားရေ သူက ဆေးဖက်ဝင်ပစ္စည်းတွေကို ဘယ်လို လုပ်ဒီလိုဖော်ရတာလဲ၊ သူ့ကို နုတ်ထွက်ခိုင်းပြီး နှင်ထုတ်လိုက်"

"ဟုတ်တယ် သူ့ကိုဆက်ပြီးဆေးမဖော်ခိုင်းနိုင်တော့ဘူး၊ ဆေးဖက်ဝင် ပစ္စည်းတွေကို တန်ဖိုးထားရ ကောင်းမှန်းမသိတဲ့သူက အဂ္ဂိရတ်ပညာရှင် ကောင်းကောင်းဖြစ်မလာနိုင်ဘူး"

"သဘောတူတယ်"

"....."

"ခင်ဗျားတို့က တုံးတာလား" သူတို့ဆွေးနွေးမှုကို ထိုးဖောက်လာသော အသံကိုကြားလိုက်သည်နှင့် ဆရာအားလုံးသည် တုန်လှုပ်သွားကြလေသည်။

"ရှုဂျင် မင်းဘာလုပ်တာလဲ" သူ၏ စော်ကားသောအပြုအမူကို ဆရာ အားလုံး မကျေနပ်ကြပေ။

"ကျွန်တော်ပြောတဲ့အတိုင်းပဲလေ၊ ဒီဟာကို နားမလည်နိုင်ဘူးဆိုတာ ခင်ဗျားတို့ တုံးတယ်ဆိုတာကို သက်သေပြနေတာပဲ" ရှူဂျင်သည် ပျင်းရိစွာ ပြောလေသည်။

"ရှူဂျင် မင်းမှာ အခွင့်ထူးခံရာထူးရှိတယ်ဆိုပြီး တခြားလူတွေကို တွေ့ကရာကျိန်ဆဲလို့မရဘူးလေ" ဆရာ တစ်ယောက်သည် မတ်တပ်ရပ်ပြီး စောဒကတက်လေသည်။

"ကျွန်တော်က ဘယ်တုန်းက တွေ့ကရာကျိန်ဆဲလို့လဲ" ရှူဂျင်သည် သူတို့အား စောင်းကြည့်ပြီး "ခင်ဗျား တို့က ဆေးဖော်နည်းမတူတာကို မသိပဲနဲ့ ကျောင်းသားကို ဖြုန်းတီးတယ်လို့ ပြောချင်သေးတယ်၊ အဲဒါ တုံးတာ မဟုတ်ရင် ဘာလဲ"

"မင်းဘာပြောလိုက်တာလဲ" ထိုဆရာသည် တုန်လှုပ်သွားကာ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားလေ သည်။ "မတူညီတဲ့ဆေးဖော် နည်းဟုတ်လား၊ သူက ဘယ်လိုလုပ်မတူညီတဲ့ဆေးဖော်နည်းကို သိမှာလဲ၊ ဒီလို ဆေးနည်းမျိုးကို ကိုင်တွယ်နိုင်တဲ့ အဆင့်မဟုတ်သေးဘူးလေ"

"ခင်ဗျားရဲ့ နောက်ဆုံးမေးခွန်းက အဓိကအချက်ပဲ" ရှူဂျင်ပြော လိုက်သည် "ဒါပေမဲ့ သူဘယ်လို ကိုင်တွယ်နိုင်လဲဆိုတာ ကျွန်တော် ဂရုမစိုက်ဘူး၊ အဓိကက သူလုပ်နိုင်နေတာလဲ၊ သူဆေးဖော်နေတုန်း ထွက် လာတဲ့ ရောင်ဝါကိုကြည့်လိုက်"

"လုံးဝကို ဖြူစင်နေတယ်" လူငယ်တစ်ယောက်သည် တစ်ချိန်လုံး နှုတ်ဆိတ်နေရာမှ ပြောလေသည် "ဟုတ်သားပဲ ဘာလို့အားလုံး ရန်ဖြစ်နေ

ကြတာလဲ ကြည့်နေတဲ့ကျောင်းသားတွေအများကြီးပဲ ကျောင်းသားတွေ ဆေးဖော်တာကို အားလုံးတိတ်တိတ်လေးကြည့်သင့်တယ်”

“အင်း”

သူပြောလိုက်သည်နှင့် အားလုံးသည် ငြိမ်ကျသွားကာ ထပ်ပြီး အထွန့်မတက်ကြတော့ပေ။ သို့သော် အားလုံးသည် သူမအား ဆက်ကြည့် နေကြသည်။ သူမ ဘယ်လိုလုပ် မတူညီတဲ့နည်းလမ်းကို သိသလဲဆိုသည် ကို အားလုံးက အလွန်သိချင်နေကြသည်။

“သူဒီနည်းလမ်း သိထားတာကို အစ်ကိုသိထားလား” ရှုဂျင်သည် ဟော်လန်အားပြောလေသည် “အဲဒါ ကြောင့် သူ့ကိုပြိုင်ပွဲဝင်ခိုင်းတာကိုး၊ သူဆေးဖော်ဖို့အချိန်လောက်တယ်ဆိုတာကို အစ်ကိုသိပြီးသားပဲ”

ဟော်လန်သည် သူ့အားကြည့်ပြီးပြောလေသည် “သိရင်လည်း ဘာလို့မေးနေသေးလဲ”

“သေစမ်း အစ်ကိုဟော် တကယ်ပဲသိထားတာပဲ၊ ဒါကိုတမင်လုပ်တာ မလား” ရှုဂျင်သည် သူ့အား မုန်းတီး စွာကြည့်လိုက်လေသည်။

“သူက ဆေးပညာမှာ အရည်အချင်းရှိတယ်လို့ပဲအစ်ကိုပြောခဲ့တာလေ၊ အခု အဂ္ဂိရတ်ပညာလည်း ကောင်းကောင်းလုပ်နိုင်နေတယ်၊ သူက မတူညီ တဲ့နည်းလမ်းကို သိနေတယ်ဆိုတာကို တစ်ခါမှလည်းမပြောဖူး ဘူး” ရှုဂျင် စောဒကတက်လေသည်။

“မင်းကိုပြောလိုက်ရင် ကိုယ်တိုင်မြင်တဲ့အချိန်ကျ ဘယ်အံ့ဩတော့ မလဲ” ဟော်လန်သည် တမင်လုပ် ခြင်းဖြစ်ကြောင်းကို အခုမှပင်ဝန်ခံ တော့သည်။ ဒါသည် သူ၏ စကားများမှုကို လက်စားချေခြင်းဖြစ်သည်။

အမှန်ပြောရလျှင် သူမ မတူညီသည့်ဆေးနည်းလမ်းသုံးသွားသည်ကို သူကိုယ်တိုင်ပင် နစ်မြောနေခဲ့ သည်။ သူတောင် မှင်တက်နေမှတော့ ဒီလူ လည်း အတူတူလောက်ပင်။

ရှုဂျင်သည် နှုတ်ခမ်းတွန့်လိုက်ကာ ပြောလေသည် "ဒီကျောင်းသား… ငါလိုချင်တယ်"

**အခန်း (၂)**

**အပိုင်း (၆၇၄) – မျှမျှတတလုပ်**

သူမ ဒီနေ့လုပ်လိုက်သောအပြုအမူသည် အားလုံးကို တုန်လှုပ်သွား စေမည်ကို ရှီမာယူယူသိသည်။ သို့သော် သူမတွင် ရွေးချယ်စရာမရှိပေ။ သူမသည် ကမ္ဘာမြေမျက်လုံးကိုရှာရန် အတွင်းဂိုဏ်းကိုဝင်ရမည်။

ထို့အပြင် ဂိုဏ်းမှအရည်အချင်းရှိသည်ဟု သတ်မှတ်ချင်းခံရပါက သတင်းလက်ခံရရန်ပို လွယ်ကူသွား မည်။

စင်ပေါ်မှကြည့်နေသော လူများသည် သူမ၏ ထူးချွန်သော လှုပ်ရှားမှုများကြောင့်မှင်တက်နေလေသည်။ သူမ ဆေးဖော်နေသည်ကို ကြည့်ရသည်မှာ လှပသည်။

ဂူလာလီသည် နေရာတစ်ခုရွေးပြီးထိုင်လိုက်သည်။ သူသည် လူကြား ထဲမှ ထူးခြားသောအကြည့်ဖြင့် သူမအားဆက်ကြည့်နေလေသည်။ သူကြည့် နေရင်းနှင့် သူမ ပြောခဲ့သည့်စကားများကို တဖြည်းဖြည်းယုံကြည် လာသည်။

သူမသည် သူတို့အား အမှန်တကယ်ကူညီနိုင်တာဖြစ်လောက်သည်။

ရှီမာယူယူသည် ထိုဆေးပစ္စည်းများကို ဖော်စပ်ရန် အချိန်၁နာရီခွဲသုံး လိုက်သည်။ သူမ တခြားသော အမျိုးအစားများကို ဖော်စပ်ရသည် နှင့်တစ်ပြိုင်နက် စိတ်စွမ်းအင်ကို အနည်းငယ်ပိုထည့်လိုက်သည်။ ထို့ကြောင့် ပင် နောက်ဆုံးတွင် အားကင်ကုန်ခမ်းမှုကို ခံစားလိုက်ရသည်။

သူမတွင် ပြန်လုပ်ရမည့်အချိန်မရှိကာ တစ်ခါတည်းအပြီး အောင်မြင် အောင် လုပ်ရမည်။ သူမတွင် ခံနိုင် လောက်သည့် စိတ်စွမ်းအင်ရှိ ရန်အတွက် ဆေးတစ်လုံးထုတ်ကာ စားပြီးနောက် ဆက်ပြီး ဆေးဖော်လေ သည်။

ဖော်စပ်ခြင်းလုပ်ငန်းစဉ်မှာ အချိန်ပေးရသည်။ သူမသည် ပျားရည်များ ထုတ်ကာ အနည်းငယ်ထည့်ပြီး ကြာစိမ်းဆေး၏ အရည်အသွေး ကိုပိုကောင်းအောင် လုပ်လိုက်သည်။ ထို့ကြောင့်ပင် ဖော်စပ်ခြင်းလုပ်ငန်း စဉ်ကို ပိုတိုတောင်းသွားစေသည်။

၁နာရီကြာသောအခါ သူမသည် ပေါင်းစပ်ခြင်းလုပ်ငန်းစဉ်ပြီးသွားကာ နောက်ဆုံးအဆင့် ချုပ်နှောင်ခြင်း သာကျန်တော့သည်။

ထိုအချိန်တွင် လူတချို့သည် ဆေးဖော်ပြီးနေပြီ။ တချို့မှာ နောက်ဆုံး အဆင့်မှပင် ကျရှုံးကျသည်။

ဘောဂုံထန်နှင့် ဂူရန်ဖေတို့သည် ဆေးဖော်ပြီးနေလေပြီ။ ဆေးပေးရန် အလျင်မလိုသဖြင့် သူတို့သည် ကျန်နေခဲ့ကာ ရှီမာယူယူ ချုပ်နှောင်ခြင်း လုပ်ငန်းစဉ်လုပ်နေသည်ကို ကြည့်နေလိုက်ကြသည်။

သူမသည် မိုရှား သူမကိုပေးခဲ့သော ချုပ်နှောင်ခြင်းနည်းလမ်းကို သင်ယူခဲ့သော်လည်း အသားမကျသေး ပေ။

"ဒါက…" သတ်လတ်ပိုင်းအရွယ် အမျိုးသားသည် ထိုင်ရာမှ ထကာ တုန်လှုပ်သွားသော အမူအရာဖြစ် သွားလေသည်။

"အစ်ကိုဒူ ဘာဖြစ်လို့လဲ" တခြားသော အဂ္ဂိရတ်ဆရာများသည် ဒူဇီရှိ၏ လှုပ်ရှားမှုကိုတွေ့သောအခါ သိချင်နေလေသည်။

"သူ့ရဲ့ ချုပ်နှောင်ခြင်းနည်းလမ်းက…." ရှုဂျင်သည်လည်း ရှီမာယူယူ အား မှင်တက်စွာ ကြည့်နေလေ သည်။ သူသည် ရင်ဘတ်ပေါ် လက်တင်ထား ကာ သူမ ချိပ်ပိတ်နေသည်ကို ကြည့်နေလသည်။

သူနှလုံးခုန်နေသည်မှာ ရင်ဘတ်မှ ထွက်ကျမတတ်ဖြစ်နေသည်။

"အစ်ကိုဟော်က တကယ်ကို အရည်အချင်းရှိတဲ့လူကိုရှာတွေ့ထား တာပဲ မဟုတ်ဘူး လုံးဝကို ပါရမီရှင် ပဲ" သူလှည့်ကာ ဟော်လန်၏ လက်ကိုဆုပ်ကိုင်ကာ ပြောလေသည် "သူ့လိုလူကို ဘယ်လိုလုပ်ဆေးပညာ မှာပဲ အာရုံစိုက်ခိုင်းထားတာလဲ၊ အတွင်းဂိုဏ်းမှာ ဆေးပညာဌာနမရှိလို့ တော်သေးတယ် မဟုတ်ရင် အစ်ကို ကျွန်တော့် ကိုဒေါသထွက်နေမှာပဲ"

ဟော်လန်သည် မျက်လုံးပင့်ကာ ကောင်းကင်သို့ကြည့်လိုက်သည်။ ဒီကလေးသာ တကယ်ပဲ အတွင်း ဂိုဏ်းကိုရောက်မယ်ဆိုရင် မင်းကတော့ စောစောသေမှာလား နောက်ကျမှသေမှာလားပဲ။

အချိန်နီးလာသည်နှင့် ရှီမာယူယူ၏ နဖူးပေါ်တွင် ချွေးများသီးလာသည်။

"ရှီး"

"ဘန်း"

မီးတောက်အသံထွက်လာပြီးနောက် ပေါက်ကွဲသံထွက်လာသည်။ ရှီမာယူယူသည် အနည်းငယ်မှ တုန်လှုပ်ခြင်းမရှိပဲ တည်ငြိမ်စွာ ဆေးဆက်ဖော်လေသည်။

"ဒူ..."

မောင်းသံထွက်ပေါ်လာရာ အားလုံးသည် လုပ်လက်စအလုပ်များ ရပ်သွားပြီး ဆေးဖိုအောက်မှ မီးတောက်များကို ငြိမ်းလိုက်ကြသည်။

"အခု အတွင်းဂိုဏ်းအတွက် စာမေးပွဲရလဒ်ကို အစ်ကိုဒူကဦးဆောင်ပြီး စစ်ပေးဖို့ ဖိတ်ပါမယ်" ခုနက ဝင်ပေါက်တွင် စောင့်နေသော ဆရာသည် ပြောလေသည်။

ဒူဇီရှိသည် ရှုယင်နှင့်အတူ တခြားဆရာများကိုဦးဆောင်ကာ ပထမအတန်းမှစပြီးစစ်ရာ တစ်ယောက် ချင်းစီကို အကဲဖြတ်လေသည်။

ဆေးဖော်ရာတွင် အောင်မြင်သောလူများသည် သူတို့စားပွဲတွင် ဂုဏ်ယူဝံ့ကြွားစွာဖြင့် ရင်ဘတ်ကော့ကာ ရပ်နေလေသည်။ ကျရှုံးသူများသည် ခေါင်းငုံ့ထားကာ စိတ်ပျက်နေကြသည်။

သူတို့သည် ရာချီသောလူများကို လျင်မြန်စွာစစ်ဆေးပြီးသည့်အခါတွင် ဘောဂုံထန်နှင့် ဝူရန်ဖေတို့သည် လည်း အောင်မြင်သည့်စာရင်းတွင် ပါသွားသည်။ ရှီမာယူယူသည် နောက်ဆုံးကျန်သူဖြစ်သ်ည။

ဒူဇီရှိသည် ရှီမာယူယူရှေ့လျှောက်လာပြီး သူမအား ကြည့်ကာ ပြောလေသည် "မင်းက အရည်အချင်း ရှိတာပဲ"

"ချီးကျူးပေးတဲ့အတွက် ကျေးဇူးပါ" ရှီမာယူယူသည် ပြုံးပြီးပြောလေသည်။

"မင်းစာမေးပွဲအောင်သွားပြီ" ဒူဇီရှိ ပြောလိုက်သည်။

"နှစ်သက်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါပေမဲ့ စာမေးပွဲအောင်ဖို့အတွက် ဆေးကိုစစ်ရပါ ဦးမယ်၊ ကျွန်တော်က စာမေးပွဲကိုမရိုးမသားအောင်သွားတယ်လို့ တခြားသူတွေထင်သွားမှာ ဆရာလည်း လိုချင်မယ်မထင်ပါဘူး" ရှီမာယူယူ ပြောလိုက်သည်။

"မင်းသေချာရဲ့လား" ဒူဇီရှိသည် ရှီမာယူယူအား ကြည့်လိုက်သည် "မင်းဒီဆေးဖိုကိုဖွင့်လိုက်တာနဲ့ ဆေးဖော်တာ မအောင်ဘူးဆိုရင် အတွင်းဂိုဏ်းကိုဝင်ခွင့်မရှိတော့ဘူးဆိုတာ သိလား"

သူတို့သည် ဆေးဖိုမှ ဆေးအနံ့မရသဖြင့် သူမသည် ဆေးဖော်မှုကျရှုံးသည်ကို သူတို့သေချာနေသည်။ ဒူဇီရှိပြောသည့်အတိုင်းဆိုလျှင် သူတို့သည် သူမအား အတွင်းဂိုဏ်းဝင်စေလိုသည့်ပုံပင်။

"သေချာပါတယ်" ရှီမာယူယူသည် လက်မြောက်လိုက်ပြီး ဆေးဖိုကိုဖွင့်လိုက်သည်။ ဆေးအနံ့သည် ချက်ချင်းပင်ထွက်လာသည်။

"ဆေးဖော်တာ အောင်မြင်တာပဲ" အနီးတွင် ရပ်နေသော ကျောင်းသားများသည် အပြေးရောက်လာကြ သည်။ သူတို့သည် ဆေးအနံ့ရသည်နှင့် ဆေးသည် အောင်မြင်သည်ကို သိလိုက်ကြသည်။ ထို့အပြင် အရည်အသွေးမှာ အနိမ့်ပေ။

"အဆင့်မြင့်ကြာစိမ်းဆေး" ရှုဂျင်သည် ဆေးအနံ့ရသည်နှင့် ဆေး၏အဆင့်ကို ပြောနိုင်သည်။

ရှီမာယူယူသည် ဆေးဖိုထဲမှ ဆေးကိုထုတ်ကာ လက်ဖဝါးပေါ်တင်ပြီး ဒူဇီရှိရှေ့သို့ ဆန့်ပေးလိုက်သည်။

"မခိုးဘူး မခိုးဘူး မင်းကအခု အတွင်းဂိုဏ်းရဲ့ ကျောင်းသား ဖြစ်သွားပြီ" ဒူဇီရှိသည် ထိုမှတ်ချက်ကိုသာ ပေးပြီး လှည့်ထွက်ချိန်တွင် ပြုံးလိုက်သည်။

ရှုဂျင်သည် ရှီမာယူယူရှေ့သို့ အပြေးရောက်လာလေသည်။ သူသည် ပျော်ရွှင်နေသော မျက်နှာဖြင့် ရုတ်တရက်ပေါ်လာသဖြင့် လန့်သွားစေ လေသည်။

ရှီမာယူယူသည် ရုတ်တရက်သူ၏ မျက်နှာကြီးကိုမြင်လိုက်ရသောအခါ မသိစိတ်မှ ရိုက်မိသွားလေ သည်။

"ဖြန်း"

ထိုရိုက်လိုက်သံသည် နေရာတစ်ခုလုံးကို ချက်ချင်းပင် ငြိမ်ကျသွား စေသည်။ အားလုံးကြည့်လိုက်ရာ ၂ယောက်သား နေရခက်သွားလေသည်။

"ကျွန်တော် ဆရာ့မျက်နှာမှာ ခြင်မြင်လိုက်လို့" ရှီမာယူယူသည် သူမလက်ကိုပြန်ရုတ်လိုက်ပြီး သူမ မျက်နှာချင်းဆိုင်တွင်ရှိနေသော လူကိုပြောလိုက်သည်။

"ငါ့မျက်နှာကဘာလို့ယားနေလဲလို့ထင်နေတာ ခြင်ဖြစ်နေတာကိုး" ရှုဂျင်သည် သူ့မျက်နှာကို ကိုင်ကြည့် လေသည်။ ဒီကောင်လေးက ချွတ်ယွင်း ချက်တော့ရှိတာပဲ။

ရှီမာယူယူသည် ရိုးသားစွာဖြင့် မျက်တောင်ခတ်နေလေသည်။ သူမရှေ့ ကို ရုတ်တရက်ရောက်သွားတာ သူ့အမှားပါလေ။

"ကောင်လေး မင်းက အရည်အချင်းရှိတာပဲ နောက်ကိုငါမင်းကို သင်ပေးဖို့လာခဲ့မယ်" ရှုဂျင်သည် သူမ အား ပြုံးပြပြီးနောက် "စိတ်ချပါ ငါ မင်းရဲ့ အရည်အချင်းကိုအကောင်းဆုံးဖြစ်အောင် လုပ်ပေးမှာ"

"ကျွန်တော့်ဆရာကို ကိုယ်တိုင်ရွေးလို့ရလား" ရှီမာယူယူ မေးလိုက်သည်။

"မရဘူး" ရှုဂျင်သည် ပြုံးပြီးပြောလိုက်သည် "ကျောင်းသားကောင်းလေး မင်းစောစော သတင်းပို့သင့် တယ်၊ မင်းကိုစောင့်နေမယ်နော် ဟားး"

ရှုဂျင်သည် ရယ်မောပြီးထွက်သွားရာ ရှီမာယူယူသည် သူထွက်သွားသည်ကို ကြည့်နေလသည်။ သူမ သည် သူမဘဝတွင် ဒီလို ဆရာမျိုးနှင့်တွေ့ပြီး ကြမ်းတမ်းလိမ့်မည်ဟု ထင်မထားပေ။

ရှုဂျင်၏ ကျောင်းသားရွေးသောအဆင့်မြင့်သည်ကို တခြားဆရာများ မကျေနပ်သော်လည်း သူတို့သည် ဘာမှမပြောပေ။

"ဆရာဟော်" ရှီမာယူယူသည် ဟော်လန်အားကြည့်လိုက်သည်။

ဟောလန်သည် လျှောက်လာပြီး သူမပခုံးကိုပုတ်ပြီး ပြောလိုက်သည် "သူ့မှာက ကျောင်းသားကို အရင် ရွေးခွင့်ရှိတယ်၊ အဲဒါကကျောင်းအုပ်ကြီးက သူ့ကို ပေးထားတဲ့အာဏာပဲ၊ ပြီးတော့.... သူက အဂ္ဂိရတ်ပညာမှာ အရမ်းတော်တယ်၊ မင်း သူ့လက်အောက်မှာဆိုရင် တော်တော်များများ သင်ရမှာပါ အင်း သေချာသင်ပေါ့"

သူသည် ပြောပြီးနောက်ထွက်သွားလေသည်။

ရှီမာယူယူသည် နေရာတွင်ပင် ကျန်နေကာ သူမအနာဂတ်သည် ခြောက်ကပ်တော့မည်ဟု ခံစားနေရ လေသည်။

**အခန်း (၃)**

**အပိုင်း (၆၇၅) – ခွင့်တိုင်ခြင်း**

"ယူယူ နင်ကတော့ တကယ်ပဲငါတို့လန့်လို့သေတော့မှာပဲ၊ နင်အချိန်မှီ မရောက်နိုင်ဘူးလို့ထင်နေတာ" ဘောဂုံထန်သည် သူမဆီသို့လျှောက်လာပြီး ပျော်ရွှင်စွာ ပြောလေသည်။

ရှီမာယူယူ ရယ်မောကာ ပြောလေသည် "ငါလည်း အစတုန်းကမမှီ တော့ဘူးထင်နေတာ၊ ဒါပေမဲ့ ညှိတာ ကအဆင်ပြေပြေနဲ့ပြီးသွားတယ် အဲဒါကြောင့်လာနိုင်တာ"

"အဲလူလား" ယူရန်ဖေသည် ခြံဝန်းအပြင်တွင် ရပ်နေသော ဂူလာလီကို ကြည့်လိုက်သည်။

စာမေးပွဲပြီးသောအခါ ကျောင်းသားအားလုံးသည် ထွက်သွားကြလေ သည်။ သူတစ်ယောက်သာ ကျန်ခဲ့ လေသည်။

"သူပဲ ငါမှန်းတာမှန်ရင်တော့ သူက ခရမ်းရောင်ပင်လယ်မိစ္ဆာတော်ဝင် မျိုးနွယ်ကပဲ" ရှီမာယူယူ ပြောလိုက်သည် "ငါသူနဲ့ ဆွေးနွေးတာပြီးဖို့ ကျန်သေးတယ်၊ နောက်မှ နင်တို့ကို ငါလာရှာလိုက်မယ်"

"ကောင်းပြီ"

ဖက်တီးကျူနှင့် တခြားသူများလာချိန်တွင် ရှီမာယူယူသည် ထွက်သွား လိုက်ပြီဖြစ်သည်။

"ယူယူ ဘာလို့ ငါတို့ကိုစောင့်ပြီးမှ မသွားတာလဲ"

"သူမ အဲလူနဲ့ ဆွေးနွေးစရာရှိသေးတယ်လို့ ပြောတယ်၊ သူမ ဆွေးနွေးလက်စကြီးကို ဒီကိုလာတာထင် တယ်" ဘေဂုံထန်ပြောလိုက်သည်။

"အဲလူက အင်အားကောင်းတာပဲ" ရှီမာယူလင်း မှတ်ချက်ပေးလေသည်။

"သူက ခရမ်းရောင်ပင်လယ် မိစ္ဆာတော်ဝင်မျိုးနွယ်ကဖြစ်လိမ့်မယ်လို့ ယူယူပြောတယ်" ဂူရန်ဖေသည် ရှင်းပြလေသည် "ငါတို့အရင်ပြန်နှင့်ကြတာပေါ့"

ရှီမာယူယူလျှောက်လာချိန်တွင် ဂူလာလီသည် ကွင်းပြင်မှထွက်သွားပြီဖြစ်သည်။

"သွားကြမယ် ကျွန်တော်တို့ ခုနကဆွေးနွေးတာမပြီးသေးဘူး" ရှီမာယူယူ ပြောလိုက်သည် "ဒီတစ်ခါ တော့ လမ်းလျှောက်သွားမယ်"

"ခုနက မင်းလုပ်ဆောင်ချက်က အံ့သြစရာပါပဲ" ဂူလာလီ ပြောလိုက်သည် "အဲဒါကြောင့် ခင်ဗျားက ယုံကြည်ချက်အပြည့်ရှိနေတာကိုး"

"ချီးကျူးပေးတဲ့အတွက် ကျေးဇူးပါ" ရှီမာယူယူ ပြန်ဖြေလိုက်သည်။

"ခင်ဗျားက တကယ်ပဲမရှက်ကြောက်တတ်ဘူးပဲ" ဂူလာလီသည် ပြောပြီးနောက် လှည့်ထွက်သွားလေ သည်။

ရှီမာယူယူသည် သူ့နောက်မှလိုက်လာပြီး သူ့ကိုရှွန်းယွမ်ဆိုင်သို့ ဦးဆောင်ခေါ်သွားလေသည်။

"ကျွန်တော့်ကို အဲလူရဲ့ အခြေအနေကိုအရင်ပြောပြဖို့လိုလိမ့်မယ်" ရှီမာယူယူသည်အခန်းအတွင်းသွားကာ စာရွက်နှင့် ကလောင်တံယူပြီး မှတ်စုရေးရန်အသင့်ပြင်ထားလေသည်။

"ခင်ဗျားက အရည်အချင်းရှိပေမယ့်…" ဂူလာလီသည် သူမတွင် ဖြေရှင်းနိုင်မည့် နည်းလမ်းရှိသည်ကို မယုံနိုင်သေးပေ။

"ကျွန်တော့်ကိုမပြောပြရင် ကျွန်တော်လုပ်နိုင်မယ် မလုပ်နိုင်ဘူးဆိုတာ ခင်ဗျားဘယ်လိုသိမှာလဲ" ရှီမာယူယူ ပြောလိုက်သည် "အဲလိုဆိုရင် ခင်ဗျားမှာ အချိန်မရှိဘူးလား၊ ကျွန်တော်ကခင်ဗျားနဲ့ သဘောတူညီ ချက်လုပ်ပြီးပြီဆိုတော့ ကိုယ့်ကိစ္စကိုယ် ရှင်းရမှာပေါ့"

ဂူလာလီသည် ရှီမာယူယူကိုကြည့်လိုက်ရာ သူမ အကြည့်သည် လေးနက်နေသည်ကို တွေ့လိုက်ရ သည်။ သူပြုံးလိုက်ပြီး ပြောလိုက်သည် "ကောင်းပါပြီ သူ့ရောဂါကို ကျွန်တော်ပြောပြပါမယ်"

ခဏအကြာတွင် ရှီမာယူယူသည် စားပွဲပေါ်ရှိ စာရွက်ထဲတွင် ရေးထားသောအကြောင်းအရာများကို အလေးအနက်စဉ်းစားနေလေသည်။ ဂူလာလီသည် သူမကို တစ်ချိန်လုံးကြည့်နေသည်ကိုပင် သူမ သတိမထား မိပေ။

"ခင်ဗျားမှာ တခြားအကြံရှိလား" ဂူလာလီ မေးလိုက်သည်။

"အကြံတော့ရှိတယ် ဒါပေမဲ့ သူ့ကိုကိုယ်တိုင် တွေ့ရရင် ပိုကောင်းတယ်၊ အဲဒါမှ သူ့ကိုကုရတာ ပိုကောင်း မယ်"

"ခင်ဗျား သူမကိုတွေ့လို့မရဘူး" ဂူလာလီ ပြောလိုက်သည် "သူမက ကြယ်ကိုးပွင့်သမုဒ္ဒရာထဲက ဖန်ရေ ကျောက်ဖျာမှာလှဲနေတယ်၊ သူလှုပ် လိုက်တာနဲ့ သေသွားမှာ"

"ကျွန်တော် အဲဒီကိုသွားရင်ရော" ရှီမာယူယူ မေးလိုက်သည်။

ဂူလာလီသည် သူမအား ကြည့်လိုက်သည် "ကြယ်ကိုးပွင့်သမုဒ္ဒရာ ဘယ်လောက်အန္တရာယ်များလဲဆို တာ ခင်ဗျားသိတယ်မလား"

"သိပါတယ်" ရှီမာယူယူ ပြောလိုက်သည် "ဒါပေမဲ့ သူမကိုဒီကို ခေါ်လာလို့မရဘူးလို့ ခင်ဗျားပြောတယ် မလား၊ အဲဒါကြောင့် ကျွန်တော်သွား ပြီး သူမကိုကြည့်ရှုပဲရှိတာပဲ၊ ကျွန်တော် အတွင်းဂိုဏ်းကိုမဝင်ခင်ကို ဂိုဏ်းက ခွင့်ပေးပါ့မလားဆိုတာပဲ မသေချာတာ"

"ကောင်းပါပြီ ခင်ဗျားသွားချင်မှတော့ ဘေးကင်းအောင်လုပ်ပေးမှာပေါ့" ဂူလာလီ ပြောလိုက်သည် "သူမ ကို ကယ်လို့ရသည်ဖြစ်စေ မရသည်ဖြစ်စေ ပင်လယ်နက်သခွားကို ကျွန်တော်ပြန်မတောင်းပါဘူး"

"ကျွန်တော် ဒီသဘောတူမှုကိုတကယ်လုပ်ချင်ပေမယ့် အရင်ဆုံး ခွင့်တိုင်ရဦးမယ်၊ မရဘူးဆိုရင်တော့ ကျွန်တော်လည်း ရွေးစရာမရှိဘူး" ရှီမာယူယူ ပြောလိုက်သည် "ကျွန်တော် အခုတော့သွားလိုက်ဦးမယ် ခင်ဗျား ဘယ်တော့ ထွက်သွားမှာလဲ"

"ဒါဆို မနက်ဖြန်မှသွားမယ်လေ၊ အစတုန်းက နေ့လည်ကိုဖြေရှင်း စရာကိစ္စရှိလို့ ဒါပေမဲ့ နောင့်နေးနေ တယ်ဆိုမှတော့ တစ်ရက်နောက်ဆုတ် လိုက်ရမှာပေါ့၊ ခင်ဗျားခွင့်ယူလို့ရရင် ကျွန်တော့်အစီအစဉ်ပြောင်းပြီး ခေါ် သွားပေးမယ်"

"ဒါဆို ခင်ဗျားကို မနက်ဖြန်အဖြေပြန်ပေးမယ်၊ အခုတော့ ခွင့်သွား တိုင်ကြည့်လိုက်မယ်" ရှီမာယူယူ မတ်တပ်ရပ်ပြီး ထွက်သွားလေသည်။

သူမ ထွက်သွားသည်နှင့် ပုံရိပ်တစ်ခုသည်အိမ်အတွင်း ဖြည်းညင်းစွာ ထွက်လာလေသည်။

"မင်းသား သူသာ ခွင့်တိုင်လို့ရရင် ကျွန်တော်တို့ တကယ်ပဲ အဲဒီကို တိုက်ရိုက်ပြန်မှာလား" ထိုလူ မေး လိုက်သည်။

"ဟုတ်တယ်" ဂူလာလီသည် လက်မှ မှော်ဝင်လက်စွပ်ကိုလှည့်ရင်း ပြောလေသည်။

"ဒါပေမဲ့ ကျွန်တော်တို့ နဂါးမှတ်ဆိတ်မြက်ပင်နေရာကို သိထား ပြီးပြီလေ"

"မင်းတို့လူတွေလွှတ်လိုက် ငါတို့ သတင်းရထားတာပဲရှိတာ မသေချာဘူး၊ သူက နဂါးမှတ်ဆိတ်မြက်ပင် ထက်စိတ်ချရတယ်လို့ ငါခံစားနေ ရတယ်" ဂူလာလီ ပြောလိုက်သည် "သူ့နောက်ခံကို စုံစမ်းဖို့လူလွှတ်လိုက် လူသားတွေကြားမှာ ဒီလောက်အရည်အချင်းရှိတဲ့လူက တော်ရုံလူမဟုတ် လောက်ဘူး"

"ဟုတ်ကဲ့ပါ မင်းသား"

ရှီမာယူယူ ဂိုဏ်းသို့ပြန်သောအခါ သူမသည် ဒုကျောင်းအုပ်နေသော နေရာသို့ တိုက်ရိုက်သွားလိုက် သည်။ သူသည် ဟော်လန်နှင့် စစ်တုရင်ကစား နေလိမ့်မည်ဟု သူမ မထင်ထားပေ။

"မင်းလာတဲ့ အကြောင်းအရင်းများရှိသလား" ဒုကျောင်းအုပ်သည် ချက်ကစားရင်းနှင့် ပြောလေသည်။

"ဒုကျောင်းအုပ် ကျွန်တော် ခွင့်တိုင်ချင်လို့ပါ" ရှီမာယူယူ ပြောလိုက်သည်။

"ခွင့်တိုင်မယ်ဟုတ်လား၊ မင်းက အခုပဲအတွင်းဂိုဏ်းစာမေးပွဲ အောင် သွားတယ်မလား၊ တခြားစာမေးပွဲ တွေပြီးတာနဲ့ မင်းအတွင်းဂိုဏ်း သွားရ တော့မှာလေ" ဒုကျောင်းအုပ် ပြန်ဖြေလေသည်။

"ကျွန်တော်သိပါတယ် ဒါပေမဲ့ ကျွန်တော်ဖြေရှင်းစရာရှိသေးလို့ အဲဒါကြောင့် ကျွန်တော်ခွင့်ရမလား မရဘူးလားသိချင်ပါတယ်"

"ပုံမှန်ဆိုရင် မင်းကငါတို့အပြင်ဂိုဏ်းက ကျောင်းသားမဟုတ်တော့တဲ့အတွက် ငါတို့က ခွင့်ပေးလို့မရဘူး မင်း အတွင်းဂိုဏ်းကခွင့်ကိုတောင်းရလိမ့်မယ်" ဒုကျောင်းအုပ်သည် ခက်ခဲစွာပြောလေသည် "ဒါပေမဲ့ မင်း အတွင်းဂိုဏ်းကို သတင်းမပို့ရသေးဘူးဆိုတော့ သူတို့မှာ မင်းစာရွက်စာတမ်းလည်းမရှိတော့ ခွင့်ပေးမှာမဟုတ် ဘူး"

"ရှုဂျင်မှာရော အထူးအခွင့်အရေးမရှိဘူးလား" ဟော်လန်သည် စစ်တုရင်အား ဘုတ်ပြားပေါ်နေရာချရင်း ပြောလေသည် "သူခွင့်ပေးရင် မင်းနောက်မှ သတင်းပို့လို့ရတယ်"

"တကယ်လား" ရှီမာယူယူ အားရပါးရပြုံးလိုက်သည်။ သို့သော် ဒီနေ့တွင် သူ့ကို သူမရိုက်လိုက်သည်ကို တွေးမိလျှင် သူမကို ခက်ခဲအောင်လုပ်မလားဆိုသည်ကို မသိနိုင်ပေ။

"ခွင့်ယူချင်တယ် ဟုတ်လား" နာရီဝက်အကြာတွင် ရှုဂျင်၏ တုန်လှုပ်သောအသံသည် ကျောင်းအုပ်ကြီး အခန်းမှထွက်လာလေသည် "ကောင်းပြီ အစ်ကိုဟော် သူခွင့်ယူချင်တာနဲ့ ငါ့ကိုအလောတကြီးခေါ်လိုက်တာပေါ့ ငါအခုဘာလုပ်နေလဲဆိုတာ မသိလို့လား"

"မင်းအခု ဘာလုပ်နေလဲဆိုတာ ငါသိဖို့လိုလို့လား၊ မင်းရဲ့ အပေအတေအနံ့က ပျံ့နေပြီကို" ဟော်လန် ပြောလိုက်သည် "မင်းကို ငါဒီကိုမခေါ်ရင် ကျောင်းသွားတွေကို သွားရှာခိုင်းရမှာလား"

သူဘယ်နေရာကို ပြောသည်ကို ရှီမာယူယူ ချက်ချင်းနားလည်လိုက်သည်။ ထိုနေရာတွင် လုံ့လရှိစွာ ဝိုင်သောက်နေသည်မှာ သေချာနေသည်ကို တွေးမိသောအခါ သူမသည် ခေါင်းငုံ့ကာ ပြုံးမိလေသည်။

ဟော်လန်လို ဖြောင့်မတ်သောလူက ရှုဂျင်လိုလူမျိုးနဲ့ ရင်းနှီးအောင် နေတာလဲဆိုသည်ကို သူမ နားမလည်နိုင်ပေ။

"ရယ်နေတယ် ဟုတ်လား မင်းဆက်ရယ်နေရင် မင်းကိုခွင့်မပေးနိုင်ဘူး" သူမ၏ ကြိတ်ရယ်နေမှုကို သိသောကြောင့် ရှုဂျင်သည် သူမအား ကလေးကလား ပြောလေသည်။

"အဲတော့ ဆရာ ကျွန်တော့်ကိုခွင့်ပေးနိုင်လား" ရှီမာယူယူသည် မျက်နှာပိုးသတ်ကာ ရှုဂျင်အား ကြည့် လိုက်သည်။ သို့သော် သူမ၏ တောက်ပနေသောမျက်လုံးများမှာ အပိုးမသတ်နိုင်ပေ။

ရှုဂျင်သည် သူမအကြည့်အောက်တွင် နေရခက်ကာ မသိစိတ်မှ ရှင်းပြနေလေသည် "အဲဒါက ငါ့ သူငယ်ချင်းကောင်းမို့လို့ လက်ဖက်ရည် သောက်ရင်း စကားပြောနေတာ၊ အဲဒီကလူတွေက ရေမွှေးတွေဆွတ် ထားလို့ အဲအနံ့ကငါနဲ့ပါလာတာ"

သူ ရှင်းပြနေသည်ကိုရပ်လိုက်သောအခါ ရှီမာယူယူ၏ ပြုံးစိစိဖြစ်နေသော မျက်နှာမှာ သွားဖြဲသည်အထိ ဖြစ်လာသည်ကို သိလိုက်ရသည်။ ဒီအခြေအနေကို သူဘာလို့ရှင်းပြနေရမှာလဲ။ သူက ဆရာဖြစ်ပြီး သူမ ကျောင်းသားပဲလေ။

သူသည် နာခေါင်းကိုပွတ်ပြီး ပြောလိုက်သည် "ကောင်းပြီ မင်း ဘာလို့ခွင့်ယူချင်တာလဲပြော ခွင့် ဘယ်လောက်ယူမှာလဲ၊ ငါ့ကိုရှောင်ချင်လို့ ခွင့်ယူချင်တာတော့မဟုတ်ဘူးမလား"

**အခန်း (၄)**

**အပိုင်း (၆၇၆) – ခွဲခွာခြင်း**

ညနေပိုင်းတွင် ရှုဂျင်သည် သူ၏ချောမောလှသော မျက်နှာ၏ ဘယ်ဘက်ကိုစမ်းလိုက်သည်။ သူမရိုက် လိုက်သောနေရာမှာ နာကျင်တုန်းပင်။

"အဲဒါက ရိုက်လိုက်မိတဲ့အတွက် ကျွန်တော်တကယ်တောင်းပန်ပါတယ်၊ အဲဒါက ကျွန်တော့်ရဲ့ ပထမဆုံး တုန့်ပြန်မှုဖြစ်နေလို့ပါ" သူ့မျက်နှာကိုကိုင်လိုက်သည်ကို တွေ့လိုက်သည့်အခိုက်အတန့်တွင် ရှီမာယူယူ၏ နလုံးခုန်သံသည် ထွက်ကျမတတ်ပင်။ ဒီလူက သူ့ရဲ့ကတိကိုတော့ ပြန်ပြောင်းမှာမဟုတ်လောက်ဘူးမလား။

"ဘယ်လိုပဲဖြစ်ဖြစ် ငါဒီအရိုက်ခံရတာကိုတော့ အမှတ်ရနေမယ်" ရှုဂျင်ပြောလိုက်သည် "မင်း ခွင့် ဘယ်လောက်ယူမယ်ဆိုတာ မပြောရသေးဘူးနော်"

"ကျွန်တော် ကြယ်ကိုးပွင့်သမုဒ္ဒရာကိုသွားရမယ်၊ အဲလိုဆိုတော့ လပိုင်းလောက်တော့ဖြစ်မယ်" ရှီမာယူယူ ပြန်ဖြေလေသည်။

"ကြယ်ကိုးပွင့်သမုဒ္ဒရာဟုတ်လား မင်းရဲ့ အခုလက်ရှိအားနဲ့လေ၊ မင်း ဘဝအတွက် လိုတဲ့ဟာဆိုတာရော သေချာရဲ့လား" သူမ ကြယ်ကိုးပွင့်

သမုဒ္ဒရာကိုသွားမည်ဟု ကြားလိုက်ချိန်တွင် ရှုဂျင်သည် လှုပ်ခတ်သွားသည်။ သူမသည် တန်ဖိုးရှိသူဖြစ်၍ သူမတွင် အခြေအနေဆိုးသည့် တစ်စုံတစ်ရာ ဖြစ်သွားပါက နမြောစရာကောင်းလှ သည်။

"ယူယူ မင်းက ကြယ်ကိုးပွင့်သမုဒ္ဒရာကိုသွားချင်လို့လား" ဟော်လန်သည် မျက်မှောင်ကြုတ်လိုက်သည်။ "အဲမှာ ဘယ်လောက်အန္တရာယ်များလဲဆိုတာ သိတယ်မလား"

"ကြယ်ကိုးပွင့်သမုဒ္ဒရာရဲ့ သတင်းတွေကို ကျွန်တော်ကြားဖူးတာ ကြာပါပြီ၊ ဒါပေမဲ့ ကျွန်တော် တစ်ယောက်တည်း သွားမှာမဟုတ်ပါဘူး၊ ခရမ်းရောင်ရေမျိုးနွယ်က တစ်ယောက်ကကျွန်တော်နဲ့လိုက်မှာပါ" ရှီမာယူယူ ပြောလိုက်သည်။

"ခရမ်းရောင်ရေမျိုးနွယ်ဟုတ်လား၊ ခရမ်းရောင်ရေမျိုးနွယ်ကို မင်း ဘယ်လိုသိတာလဲ" ဟော်လန် မေး လိုက်သည်။

ခရမ်းရောင်ရေမျိုးနွယ်သည် ကြယ်ကိုးပွင့်သမုဒ္ဒရာတွင် အင်အားသေးငယ်သော မျိုးနွယ်မဟုတ်ပေ။ ထို့အပြင် နီးစပ်လိုတိုင်း နီးစပ်ခွင့်မရသော မျိုးနွယ်ဖြစ်သည်။ ဒီကမ္ဘာမှာ ဘာတွေဖြစ်နေလဲဆိုတာကို သိချင်စေလောက်တဲ့ ကိစ္စပဲ။

"ဆရာဟော် ကျွန်တော် ပင်လယ်နက်သခွားကိုရှာတွေ့ပြီ" ရှီမာယူယူ ပြောလိုက်သည်။

"မင်း သူတို့နဲ့အပေးအယူလုပ်လိုက်တာလား" ဟော်လန်သည် သူမအား ခွင့်မပြုသည့်အနေနဲ့ ကြည့် လိုက်သည် "ခရမ်းရောင်ရေမျိုးနွယ်က

ရေးပောင်းအံ့ဖွယ်နဂါးတွေရဲ့ သွေးသားပဲ၊ သူတို့က အဲဒီမှာ ရာထူးမြင့်ကြတယ်၊ မင်း သူတို့ထိန်းချုပ်မှုအောက်ရောက်သွားရင်တော့ မင်း...”

“စိတ်ချပါ ဆရာပေဟ် ကျွန်တော်က နေမကောင်းတဲ့သူကို ကြည့်ပေးဖို့ပဲ သူတို့ကို ကူညီပေးမှာပါ” ရှီမာယူယူပြောလိုက်သည် “ဂူလာလီကလည်း ကျွန်တော့်ကို တခြားမတောင်းဆိုပါဘူး၊ ကျွန်တော့်ကို သွားကြည့် ရုံပဲ ကြည့်ခိုင်းတာပါ၊ သူ့ကို ကုနိုင်လား မကုနိုင်လားဆိုတာကို ကြည့်ဖို့အတွက် ခေါ်သွားတာပါ”

“ဂူလာလီလား ခရမ်းရောင်ရေမျိုးနွယ်ရဲ့ မင်းသားလား” ရှုဂျင်မေးလိုက်သည်။

“သူဖြစ်လောက်တယ်” ရှီမာယူယူ ပြောလိုက်သည်။

သူမသည် ဂူလာလီ၏ ကျောထောက်နောက်ခံကိုမမေးပဲ သူ၏နာမည်ကိုသာ သတိပြုမိခဲ့သည်။ သူ မင်းသားဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သူမ ဂရုမစိုက်ပေ။ သို့သော် သူ့တွင် အမှန်တကယ်ပင် တော်ဝင်ရောင်ဝါရှိခဲ့သည်။

“ကောင်းပြီ ငါဆုံးဖြတ်ပြီးသွားပြီ ငါမင်းကို အချိန် ၁နှစ်ပေးမယ် မင်း ၁နှစ်အတွင်းကို ပြန်လာဖြစ်အောင် ပြန်လာရမယ်” ရှုဂျင်ပြောလိုက်သည် “ကောင်းပြီ မင်းသွားလို့ရပြီ”

ဂူလာလီ၏ နာမည်ကြားသည်နှင့် ရှုဂျင်ချက်ချင်းပင် သဘောတူလိမ့်မည်ဟု ရှီမာယူယူ ထင်မထားပေ။ သူမ စက္ကန့်ပိုင်းမျှ မယုံနိုင်ဖြစ်ကာ နောက်ဆုံးတွင် သတိပြန်ဝင်လာပြီးနောက် ကျောင်းအုပ်ရုံးခန်းမှ ထွက်လာခဲ့လိုက်သည်။ ရှုဂျင်က တကယ်ပဲ သူမကို အချိန် ၁နှစ်ပေးတာပဲ။

"အစ်ကိုရှု" ဟော်လန်သည် ရှီမာယူယူထွက်သွားသည်အထိ စောင့်ပြီး ရှုဂျင်ကိုကြည့်လိုက်သည်။ သူ သည် ဆုံးဖြတ်ချက်ကို ကျေနပ်နေသည့်ပုံပင်။

"ငါ ဂူလာလီကိုအရင်ကကြားဖူးတယ်၊ ဝိညာဉ်မိစ္ဆာတွေကြားမှာတော့ သူက အယုံကြည်ရဆုံးပဲ၊ သူ့ကို ပြန်ခေါ်လာမယ်ဆိုပြီး ကတိပေးမှတော့ ကတိဖျက်မယ်မထင်ဘူး" ရှုဂျင် ပြောလိုက်သည် "ပြီးတော့ ရှီမာယူယူ ကို သူတို့သဘောတွေ့သွားရင်လည်း သူ့အတွက်ကောင်းတာပဲလေ"

"သူ့လုံခြုံမှုကို မစိုးရိမ်ဘူးလား" ဟော်လန် မေးလိုက်သည်။

"သူက နတ်ဆိုးလောကမှာ တစ်ပတ်လှည့်ပြီးတာတောင် ဘေး ကင်းကင်းနဲ့ပြန်လာနိုင်တာပဲလေ၊ ကြယ် ကိုးပွင့်သမုဒ္ဒရာက အန္တရာယ်များ ပေမယ့် နတ်ဆိုးလောကလောက် များဦးမလား" ရှုဂျင်ပြောလိုက်သည် "ပြီးတော့ သူက ခရမ်းရောင်မျိုးနွယ်ရဲ့ လုပ်ပိုင်ခွင့်နဲ့သွားပြီးပြန်လာမှာပဲ၊ သူ ကြယ်ကိုးပွင့်သမုဒ္ဒရာမှာ ပြဿနာ မရှာရင် အဆင်ပြေတယ်"

ထိုစကားပြောပြီးနောက်တွင် သူသည် ပျင်းရိစွာအကြောဆန့်လိုက်ပြီး ပြောလိုက်သည် "နောက်ကျနေပြီ သွားအိပ်ရတော့မယ့်အချိန်ရောက်ပြီ အစ်ကိုဟော်၊ ငါ့ကို ချိန်ကိုက်ပုံးထည့်ပေးလိုက်ပြီဆိုတော့ နောက်ကျရင် ငါ့ကို အကြွေးဆပ်ဖို့လိုလိမ့်မယ်"

"အိုခေ မင်းသွားလိုက်တော့" ဟော်လန်သည် သူနှင့် စကားမများ ချင်ပေ။

"ဒါပြီးသွားတာနဲ့ ဘာလို့လျစ်လျူရှုခံခရသလိုခံစားနေရတာလဲ" ရှုဂျင် ပြောလေသည်။

"ခံစားရတာကိုမဟုတ်ဘူး မင်းသွားလိုက်တော့" ဟော်လန် ပြောလေသည်။

"ကောင်းပြီ မင်းကရက်စက်လိုက်တာ" ရှုဂျင်သည် နာမှုတ်ပြီးနောက် အိမ်သို့ပြန်လာလိုက်သည်။

ရှီမာယူယူသည် ဂူလင်းယူအား သွားရှာရာ အရိပ်အောက်တွင် အပန်းဖြေနေသည်ကိုတွေ့လိုက်ရသည်။

သူကျင့်ကြံနေသည်ကို သူမ မမြင်ဖူးခဲ့ပေ။ အဲဒါကို ဘာကြောင့် အဲလောက်သန်မာနေရတာလဲ။

"စီနီယာ ကျွန်တော်ပြောစရာရှိတယ်" ရှီမာယူယူ လျှောက်လာကာ ခုံယူပြီး သူ့ဘေးတွင် ဝင်ထိုင်ရင်း ပြောလေသည်။

"ငါလည်း မင်းကိုပြောစရာရှိတယ်" ဂူလင်းယူပြောလေသည် "မင်းအရင်ပြောပါ"

"ကျွန်တော်ဂိုဏ်းကနေ ခွင့် ၁နှစ်ယူထားတယ်" ရှီမာယူယူပြောလိုက်သည် "ကျွန်တော် ကြယ်ကိုးပွင့် သမုဒ္ဒရာကိုသွားချင်လို့"

"ဒုကျောင်းအုပ်က ငါ့ကိုပြောပြီးပါပြီ" ဂူလင်းယူသည် မအံ့သြပေ။

အံ့သြသွားသူမှာ သူမပင်။

ဒုကျောင်းအုပ်က သူ့ကို သတင်းပေးတာဒီလောက်မြန်သလား။

"အစ်ကိုကရော ဘာပြောမလို့လဲ" သူမ မေးလိုက်သည်။

"ငါ မကြာခင်ကို ဂိုဏ်းကနေထွက်သွားတော့မယ်" ဂူလင်းယူ ပြောလိုက်သည်။

"သွားမယ် ဘယ်ကိုလဲ"

ဂူလင်းယူသည် ထကာပြောလိုက်သည် "ငါက မင်းကိုစောင့်ရှောက်ဖို့ အတွက် ဒီကိုလာတာလေ ဒါပေမဲ့ မင်းကအခု အတွင်းဂိုဏ်းကိုသွား တော့မယ်ဆိုတော့ ငါဒီမှာမရှိသင့်တော့ဘူး၊ အဲဒါကြောင့် ဒီမှာနေလည်း ငါ့ အတွက်အဓိပ္ပာယ်မရှိဘူး၊ ပညာရှိစံအိမ်တော်မှာလည်း ကိစ္စလေးတွေ ဖြစ်လာတဲ့အတွက် ငါသွားပြီးရှင်းရဦးမယ်၊ အဲဒါကြောင့် ငါအခု ပညာရှိ စံအိမ်တော်ကိုသွားရမယ်၊ ပညာရှိစံအိမ်တော်က အဘိုးကြီးတွေက အင်အားပိုသန်မာ လာကြပြီ၊ အားကောင်းတဲလူတွေကို ရန်သွားမစ သရွေ့တော့ ပြဿနာမရှိသေးဘူး၊ အဲတော့ ဒီတစ်ခေါက်ကို ငါ မင်းနဲ့မလိုက် နိုင်ဘူး"

ရှီမာယူယူ ခေါင်းညိမ့်လိုက်သည် "အစ်ကိုလုပ်စရာရှိတာသာ သွားလုပ်ပါ"

"ဒီအတားအဆီးကို ဘယ်လိုလုပ်ရလဲဆိုတာ မင်းကိုသင်ပေးခဲ့မယ် နောက်တစ်ခါ အတွင်းဂိုဏ်းရောက် ရင် မင်းကိုယ့် အတားအဆီး ကိုယ်လုပ်ပေါ့ အဲအဘိုးကြီးတွေ သတိထားမိမှာမဟုတ်ပါဘူး"

"အတားအဆီးက အဲလောက်အားကောင်းတာလား၊ အဲဒီအဘိုးကြီး တွေကို လိမ်လို့ရပ့ါမလား"

"ရတာပေါ့ ငါ ဒါကို အရင်ကတည်းက ဆက်ခံလာတဲ့နည်းကို ပညာရှိ စံအိမ်တော်ကနေ သင်ထားတာ တခြားအတားအဆီးတွေက မယှဉ်နိုင်ဘူး" ဂူလင်းယူ ပြောလိုက်သည် "အရမ်းမခက်ပါဘူး ငါမင်းကိုသင်ပေးမယ် ငါ မနက်ကိုထွက်သွားတော့မှာ အဲတော့ မင်းသင်ပြီးတာနဲ့ ဖြစ်နိုင်သလောက် လေ့ကျင့်ပါ"

"သိပါပြီ"

"ဒါဆို ငါစပြီနော်"

သည်လိုနှင့် သူတို့နှစ်ယောက်သည် သင်ကြားခြင်းလုပ်ရင်းနှင့် တစ်ညတာ ကုန်သွားလေသည်။

နောက်နေ့မနက်တွင် ဂူလင်းယူသည် အေးစက်သောကျောင်းအုပ်ကို သွားရှာမည်ဟု ပြောကာထွက်သွား လေသည်။ ရှီမာယူယူ အတားအဆီးကိုပြုလုပ်ပြီးသည့်အချိန်တွင် သူပြန်လာသည်။

"ဒါယူထား မင်း ကြယ်ကိုးပွင့်သမုဒ္ဒရာမှာ တစ်ခုခုဖြစ်ရင် ဒါယူပြီး ငါးနက်မျိုးနွယ်ကို သွားရှာလိုက်" ဂူလင်းယူသည် ကြယ်ငါးပုံစံရှိသော အရာတစ်ခု ကိုထုတ်ပြီး သူမလက်ထဲထည့်ပေးလေသည်။

"မင်းတစ်ယောက်တည်း မဟုတ်ဘူးဆိုတာ အမှတ်ရပါ၊ မင်းတစ်ခုခုဖြစ်ရင် ငါ့ပဲဖြစ်ဖြစ် အံ့ဖွယ်နတ်ဆိုး တောင်ကြားပဲဖြစ်ဖြစ် သွားရှာလို့ရတယ်၊ မဟုတ်ရင် အဲငှက်လေးတွေကိုသွားရှာပေါ့၊ ဝန်ထုတ်ဝန်ပိုးတွေကို မင်း ပခုံးပေါ် အကုန်တင်မထားနဲ့ နားလည်လား"

ရှီမာယူယူ ခေါင်းညိမ့်လေသည်။

"အတွင်းပိုင်းဒေသကိုမြန်မြန်သွား၊ မင်းအကြောင်းကို စပ်စုချင်တဲ့အဲလူက ထိုးလျှိုပေါက်ပဲနော်"

"ကျွန်တော် သင်စရာရှိတာသင်ပြီးတာနဲ့ သွားလိုက်ပါမယ်"

"ငါအခုသွားပြီ တစ်ခုခုဖြစ်တယ်ဆိုရင် ငါ့ကိုသာသတိရလိုက်၊ ငါ့ကို ဘယ်လိုရှာရမလဲဆိုတာ သိတယ် မလား"

"သိပါတယ်သွားပါတော့"

သူထွက်သွားမည်ကို သူမ တွန့်ဆုတ်ခြင်းမရှိသည်ကို ဂူလင်းယူ တွေ့သောအခါ တိတ်တဆိတ် သက်ပြင်းချမိသည်။ သူသည် သူမအား ဆွဲဖက်လိုက်ပြီး ခေါင်းငုံ့ကာ သူမနှုတ်ခမ်းပေါ်သို့ အသာအယာနမ်းလိုက်သည်။ သူမ သတိပြန်ဝင်လာမှပင် လွှတ်လိုက်သည်။

"ငါမရှိသေးတဲ့အချိန်ကို တခြားယောကျ်ားလေးတွေနဲ့ အနီးကပ်နေလို့မရဘူးနော်၊ အသွင်ပြောင်းထား တဲ့ ဝိဉာဉ်မိစ္ဆာတောင်မရဘူး" ဂူလင်းယူ ပြောလေသည်။

ရှီမာယူယူသည် မျက်လုံးလှန်လိုက်သည်။ သူခိုးနမ်းလိုက်သော အဖြစ်ကို သူမ ထိုအရာသာလုပ်နိုင် သည်။

သူမ ဖြစ်နေကျအတိုင်း ဒေါသမထွက်တော့သည်ကို ဂူလင်းယူ မြင်သောအခါ ကျေနပ်သွားသည်။ ထို့နောက်တွင် သူလုပ်ထားသည့် ဝင်ပေါက်ကို ဝင်သွားလိုက်သည်။

**အခန်း (၅)**

**အပိုင်း (၆၁၇) – သတ္တုရိုင်းရှာတွေ့ခြင်း**

သူမ ထွက်သွားမည်ဟု ဘေဂုံထန်တို့သိလိုက်ချိန်တွင် သူမသည် ခွင့်တိုင်ပြီးသွားပြီဖြစ်သည်။

"ဖက်တီး တောင်းပန်ပါတယ် ငါမင်းစာမေးပွဲကိုတောင် ငါမကြည့်နိုင်တော့ဘူး၊ မင်းတို့ အကောင်းဆုံး လုပ်ရမယ်နော်" ရှီမာယူယူသည် ပြုံးပြီးပြောလေသည်။

"လုပ်မှာပါ" ဖက်တီးကျူသည် တည်ငြိမ်စွာ ပြောလေသည် "ငါတို့နင့်ကို အတွင်းဂိုဏ်းမှာစောင့်နေမယ်"

"ကောင်းပြီ ငါ ကြယ်ကိုးပွင့်သမုဒ္ဒရာကနေ နင်တို့အတွက်ပစ္စည်းတွေယူခဲ့မယ်" ရှီမာယူယူ ပြောလိုက် သည်။

သူမ နှုတ်ဆက်ပြီးနောက်တွင် ရှီမာယူယူသည် နောက် တစ်အိမ်သွားကာ ရှီမာလိုင်အား သွားနှုတ်ဆက် လေသည်။ ရှီမာလိုင်သည် အလွန်စိုးရိမ်သော်လည်း သူမကို မတားနိုင်ပေ။

သူမ ရွှန်းယွမ်ဆိုင်မှ ထွက်သည်နှင့် ညနေပိုင်းရောက်နေပြီဖြစ်သည်။

"ခင်ဗျားထပ်နေမယ်ဆိုရင်တော့ ကျွန်တော်တို့သဘောတူထားတာအလဟာသဖြစ်ပြီပဲ" ဝူလာလီ ပြော လိုက်သည်။

"ကျွန်တော်က ကိုယ့်စကားကိုယ်တည်တဲ့ ယောကျ်ားပါ" ရှီမာယူယူ ပြောလိုက်သည် "ဘယ်တော့သွား ကြမလဲ"

"အခုပဲ" ဝူလာလီသည် ပြောပြီးသည်နှင့် ဝင်ပေါက်ဖွင့်ကာ သူမအား ဦးဆောင်ခေါ်သွားလေသည်။

ရှီမာယူယူ ပြန်ပေါ်လာသောအခါ သူတို့သည် တောနက်အတွင်းရပ်နေပြီးဖြစ်သည်။

"ဒါက ကြယ်ကိုးပွင့်သမုဒ္ဒရာတော့မဟုတ်ဘူးမလား" ရှီမာယူယူသည် ကောင်းကင်အထိမြင့်သော သစ်ပင်များကို ကြည့်ပြီးပြောလိုက်သည်။

"မဟုတ်ဘူး ဒါပေမဲ့နီးတော့နီးနေပြီ" ဝူလာလီ ပြောလိုက်သည် "ကျွန်တော်တို့ တောကိုဖြတ်ပြီး တောင် တက်ပြီးရင်တော့ ရောက်ပြီ"

"ဒါဆို ကျွန်တော်တို့ဘာလို့ဒီကိုလာတာလဲ"

"လူတစ်ယောက်ကိုစောင့်ဖို့"

ဝူလာလီသည် ကျောက်တုံးပေါ် ထိုင်ချလိုက်သည်။ သူမပတ်ပတ်လည်တွင် ဝိဉာဉ်စေတီအတွင်းတွင်ပင် မရှိသော ဆေးဖက်ဝင်ပစ္စည်းများမြင်သောအခါ အဆင်ပြေမည့်အထင်နှင့် တူးရန် တူးရွင်းပြားထုတ်လိုက်သည်။

"ခင်ဗျားက စမ်းသပ်မလို့လား တကယ်ပဲပစ္စည်းတစ်ခုကို အလဟဿမဖြစ်စေဘူးပဲ" ဝူလာလီ လှောင် ရယ်လေသည်။

"ကျွန်တော်က စမ်းသပ်တယ်ဆိုတာတော့မသိဘူး ဒါတွေကို အလဟဿမဖြစ်စေချင်လို့" ရှီမာယူယူ သည် ဆေးဖက်ဝင်အပင်များကို တူးပြီးနောက် ဝိဉာဉ်စေတီအတွင်းသို့ မြေသားပင်မကျစေပဲ ပစ်ထည့်လိုက်သည်။

"အဲ့ဒီ ဆေးဖက်ဝင်ပစ္စည်းတွေက ပေါပါတယ် မရှားဘူး"

"အဂ္ဂိရတ်ပညာရှင်ရဲ့ မျက်လုံးထဲမှာတော့ သာမန်ဆေးဖက်ဝင် ပစ္စည်းကလည်း တန်ဖိုးရှိတာပဲ" ရှီမာယူယူသည် ဆက်တူးရာ အချိန်ကုန်သွားလေသည်။

"အာ..."

ဆေးဖက်ဝင်အပင်များတူးနေချိန်တွင် တွင်းပေါက်ထဲတွင် မြေကြီးအားလောင်မြိုက်စေသော သတ္တုရိုင်း တချို့ရှိနေသည်ကို သိလိုက်ရသည်။

"ဘာဖြစ်လို့လဲ" သူမရပ်သွားသည်ကိုမြင်သည်နှင့် ဝူလာလီ မေးလိုက်သည်။

"မင်းသားဝူလာ အရင်ကဒီကိုလာဖူးလား" ရှီမာယူယူ မေးလိုက်သည်။

"မလာဖူးဘူး ဘာလို့လဲ"

"ဘာမှမဟုတ်ပါဘူး" ရှီမာယူယူသည် မြေကြီးအားကျွမ်းစေသော သတ္တုရိုင်းများကိုကြည့်လိုက်သည်။ မြေသား၏ အခြေအနေကိုကြည့်ပြီး ထိုသတ္တုရိုင်းများသည် နှစ်ပေါင်းများစွာရှိနေပြီကိုသိနိုင်သည်။ အဲဒါတွေကို ဒီမှာဘယ်သူထားသွားသလဲဆိုသည်ကို သိချင်မိသည်။

ဝူလာလီ လျှောက်လာရာ သတ္တုရိုင်းများကိုတွေ့သောအခါ အံ့သြမိလေသည် "ထူးဆန်းလိုက်တာ ဒီမှာ တကယ်ပဲ သတ္တုရိုင်းတွေရှိနေတာပဲ"

"ဒီမှာ တောင်တွေရှိတယ်လို့ပြောတယ်မလား၊ ဒီမှာဂူလည်းရှိနိုင်တာပဲ" ရှီမာယူယူ ပြောလိုက်သည်။

"မဖြစ်နိုင်ဘူး ရှာဖွေသူဝိဉာဉ်သခင်တွေက တောင်တွေကို အရင်ကတည်းကရှာလာခဲ့တာ ဒီမှာ ဂူမရှိ ဘူး" ဝူလာလီပြောလိုက်သည် "ဒီကို အရင်ကလာဖူးတဲ့လူထားခဲ့တာ ဖြစ်မှာပါ"

"မပြောနိုင်ဘူးလေ" ရှီမာယူယူသည် လက်ခံခြင်းရော ငြင်းဆန်ခြင်းရောမရှိပါပေ။ သူမသည် သတ္တုရိုင်း များကို ဂရုတစိုက်တူးကာ မြေသားများကို ဖယ်လိုက်သည်။ အဖြူရောင်ကျောက်သည် ဖြေးညင်းစွာပေါ်လာ သည်။ သတ္တုရိုင်းအပေါ်မှ အကြောများကိုတွေ့လိုက်သောအခါ သူမ အံ့သြသွားသည်။

"ခင်ဗျားအမူအရာကိုကြည့်ရတာ တကယ်ပဲတန်ဖိုးရှိတဲ့ သတ္တုရိုင်းထင်တယ်" ဝူလာလီသည် ယုံကြည် ချက်ရှိစွာပြောလေသည်။

သူသည် လူသားမဟုတ်သော်လည်း လူသားများနှင့် ရင်းနှီးသည်။ သူသည် တိုင်းပြည်အနှံ့သွားလာခဲ့ သည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ်ရာ သတ္တုရိုင်းများကို မြင်တွေ့ဖူးသည်။

"ဒီပစ္စည်းရဲ့ အရည်အသွေးကိုတော့ မပြောတတ်ဘူး ဒါပေမဲ့ အထဲမှာတော့ သေချာပေါက်တစ်ခုခုရှိ တယ်" ရှီမာယူယူသည် ယုံကြည်ချက်အပြည့်ဖြင့်မပြောပေ။

"ခင်ဗျားက ရှာဖွေသူဝိညာဉ်သခင်လား" ဝူလာလီ၏ မျက်ခုံးများ မြင့်တက်သွားလေသည်။

"ဆိုပါတော့" ရှီမာယူယူ ပြောလိုက်သည် "ဒီမှာ... ကျောက် ၁၁တုံး ရှိတယ်၊ ကျွန်တော်က ရှာတွေ့တယ် ဆိုပေမယ့် ခင်ဗျားက ၅ခုရှာတွေ့တယ်ဆိုတော့ ကျွန်တော် ၆တုံးယူမယ်၊ ခင်ဗျားလိုချင်တာအရင်ရွေးပါ နောက်မှ ရွေးထားတာကို နောင်တမရနဲ့နော်"

"ကျွန်တော် ညစ်မယ်လို့ထင်နေတာလား" ဝူလာလီပြောလိုက်သည်။

"ခင်ဗျားအပေါ်မှာ မူတည်တာပဲ" ရှီမာယူယူ ပခုံးတွန့်လိုက်သည်။ ကျွမ်းကျင်သူ၏ အရှေ့တွင် ဖြောင့်မတ်တာက အကောင်းဆုံးပဲ။

ဝူလာလီ ပြုံးလိုက်သည် "ကျွန်တော် ခင်ဗျားကိုအကုန်ပေးပါမယ် ကျွန်တော်က ဒါမျိုးတွေစိတ်မဝင်စား ဘူး"

ရှီမာယူယူသည် သူ့အားမငြင်းဆန်ပဲ တည့်တိုးပြောလေသည် "ခင်ဗျားတို့ ဝိညာဉ်မိစ္ဆာတွေကလည်း ပို အားကောင်းလာဖို့ ဝိညာဉ်စွမ်းအင်ကို စုပ်ယူရတာမဟုတ်ဘူးလား"

"ရှားပါတယ်" ဝူလာလီ ပြောလိုက်သည် "မိစ္ဆာမျိုးနွယ်တွေက ကျင့်ကြံတာ သူ့နည်းနဲ့သူရှိတယ်၊ တချို့ ကအဆင့်တက်ဖို့အတွက် ဒါအပေါ် မူတည်တယ်၊ လူသားတွေသာ ဝိဉာဉ်ကျောက်အကူအညီနဲ့ အဆင့်ကျော်ကြတာ"

"တကယ်မလိုချင်ဘူးလား" သူမသည် ခေါင်းမော့ပြီး ကြည့်လိုက်သည်။ သူ့မျက်လုံးများ ကြည်လင်နေ သည်ကို တွေ့သောအခါ သူမ အားရပါးရပြုံးကာ "မလိုချင်တာ ခင်ဗျားနော်၊ နောင်တရမှ မလာခဲ့နဲ့ မပေးနိုင်ဘူး"

"ခင်ဗျားသဘောပါ"

သူမလိုချင်သည်ဟု ရှီမာယူယူသေချာပြီးနောက်တွင် ကျောက်များကို ပျော်ရွှင်စွာ တူးလေသည်။ သူမ လေ့လာသည်များကိုအခြေခံရလျှင် ထိုသတ္တုရိုင်းများသည် အလွန်ရှားပါးသောအရာများဖြစ်သည်။ အရည်အသွေးမြင့်သော ပစ္စည်း တစ်ခု နှစ်ခုပါပါက သူမသည် အဆင့်တက်နိုင်သည်။

သူမသည် သတ္တုရိုင်းများကို လျင်မြန်စွာတူးလိုက်သည်။ သူမ ပွတ်တိုက်သန့်ရှင်းပြီးသားသတ္တုရိုင်းများ ကို ယူပြီး ဝူလာလီ၏ဘေးသို့ ပျော်ရွှင်စွာလျှောက်လာပြီး မေးလေသည် "ကျွန်တော်တို့က ဘယ်သူ့ကို စောင့်နေ တာလဲ၊ ဘယ်လောက်ကြာအောင်စောင့်ရဦးမှာလဲ၊ ထပ်ပြီးကြာဦး မယ်ဆိုရင် ကျွန်တော် တခြားပစ္စည်းတွေ သွား တူးချင်သေးတယ်"

"ဒီနေရာကလွဲပြီး တခြားနေရာတွေက အရမ်းအန္တရာယ်များတယ်၊ ခင်ဗျားမကြောက်ရင်တော့ သွား လိုက်ပေါ့" ဝူလာလီသည် မျက်လုံးဖွင့်ကာ ပြောလေသည်။

"အင်.. အဲဒါဆိုလည်း ထားလိုက်ပေါ့" ရှီမာယူယူသည် လည်ပင်းပု ဝင်သွားသည်။ သူမသည် အားနည်း နေသေးရာ သူမ အသက်ကို တော့မရင်းသင့်ပေ။

သူမ အားနည်းသည်ဟု တွေးမိလျှင် သက်ပြင်းချရုံသာတတ်နိုင်သည်။ သူမသည် ထိုဝနှစ်လုံးတွင် ကျင့်ကြံခြင်းနှင့် လေ့လာခြင်းကိုပြုလုပ်ခဲ့သည်။ အံ့ဖွယ်ဇကေရာဇ်အဆင့်မပြောနှင့် အံ့ဖွယ်အရှင်အဆင့်တောင် လက်တစ်ကမ်း လိုသေးသည်။ သူမသာ ဝိဉာဉ်စွမ်းအင်လုံလောက်စွာရှိပါက အဆင့်တက်ရန် ပြဿနာမဖြစ်နိုင် ပေ။

ဟိန်းသံလေးပြောသည်မှာ မှန်သည်။ သူမသည် အဆင့်တက်ခြင်းတွင် အတွေ့အကြုံရှိသဖြင့် အဆင့် တက်ခြင်းအတွင် အတားအဆီးမရှိပေ။ သူမတွင်သာ ဝိဉာဉ်စွမ်းအင် လုံလောက်စွာရှိပါက အဆင့်တက်နိုင်သည်။

သူတို့ တောထဲတွင် ၂ရက်မျှစောင့်ပြီးနောက်တွင် လူနှစ်ယောက်သည် သူတို့အား လာရှာကြလေသည်။ သူတို့အား ဂူလာလီမြင်သောအခါ ခေါင်းရမ်း ပြီး အကြည့်များ မှိန်သွားလေသည်။ သူသည် ရှီမာယူယူအား ကြည့် ပြီးပြောလိုက်သည် "နဂါးနန်းတော်ကို ပြန်ဖို့ပြင်ကြမယ်"

နဂါးနန်းတော်ဆိုသော နာမည်သည် ရှီမာယူယူ၏ ခန္ဓာကိုယ်တစ်ခုလုံး ဓာတ်လိုက်သွားသလိုပင်။ သူမ အသက်ပြန်ရှင်လာသောအခါ နဂါးများနှင့် ပတ်သတ်သော ထူးဆန်းမှုရှိခဲ့သည်။ သူမသည် နဂါးဒဏ္ဍာရီများကို နှစ်သက် ခဲ့သည်။ ရှီမန်ယူယူဖြစ်ပြီးနောက်တွင် နဂါးမျိုးနွယ်နှင့်ပတ်သတ်ပြီး သိချင် စိတ်ပိုများခဲ့သည်။ သူမ ကြယ် ကိုးပွင့်သမုဒ္ဒရာမရောက်ခင်ပင် သူတို့သည် သေသွားခဲ့ပြီဖြစ်သည်။

အခု နဂါးနန်းတော်ဟု သွားမည်ဟု သူမကြားလိုက်သောအခါ အလွန်သိချင်စိတ်ပြင်းပြသွားသည်။ တကယ့်နဂါးနန်းတော်နှင့် သူမ ဖန်သားပြင်ပေါ်တွင်မြင်ဖူးသော နဂါးနန်းတော်အစစ်အမှန်ကြားတွင် ကွာခြားမှု ရှိ မရှိကို သူမ သိချင်သည်။

ဝူလာလီသည် ပုလဲလုံးအရွယ်အစားရှိသော နဂါးမျက်လုံးထုတ်ပြီး သူမကိုပေးလိုက်သည် "ဒါက ရေ အောက် ပုလဲလုံးပဲ ခင်ဗျားစားလိုက်ရင် ရေအောက်မှာနေနိုင်မယ်"

ဝူလာလီ ရေအောက်ဆေးလုံးထုတ်လိုက်သည်ကို လူသားနှင့် တူသောအစောင့် ၂ယောက်မြင် သောအခါ မှင်တက်သွားကြလေသည်။ တစ်ယောက်သည် တစ်စုံတစ်ရာပြောမည်အလုပ်တွင် နောက်တစ် ယောက်သည် သူ့အားဆွဲထားလေသည်။

သူမ မည်ကဲ့သို့ ရေအောက်သွားမည်ကို ရှီမာယူယူသိချင်မိသည်။ ဝူလာလီ သူမကို ပေးမည်ဟု မထင် ထားပေ။ သူမသည် ရေအောက်ပုလဲကိုယူပြီး တွေဝေမှုမရှိပဲစားလိုက်သည်။

**အခန်း (၆)**

**အပိုင်း (၆၇၈) – လူသားတွေကိုမကြိုက်ဘူး**

ရှီမာယူယူတွင် အစောင့်များမရှိသော်လည်း ဒီလောက်တည့်တိုးဖြစ်လိမ့်မည်ဟု ဝူလာလီ ထင်မထားပေ။ သူသည် ကျေနပ်မိလေသည်။

"ဘယ်လိုနေလဲ" သူ မေးလိုက်သည်။

ရှီမာယူယူသည် သူမကိုယ်သူမခံစားကြည့်သည်။ သူမ ဝါးလိုက်သော်လည်း ဘာမှမခံစားမိပေ။

"ဘာမှမထူးခြားဘူး" သူမသည် ရိုးသားစွာဖြေလေသည်။

"ဟားဟား ရေအောက်ရောက်တာနဲ့ ခံစားမိလိမ့်မယ်" ဂူလာလီသည် ပြုံးလေသည် "သွားကြမယ် ဆင်းရအောင်"

"လေဟာပြင်ဖြတ်သန်းမှု သုံးလို့မရဘူးလား" ရှီမာယူယူသည် သူ့နောက် လိုက်လာသည်။

"ရေအောက် ဖိအားကမတူဘူး၊ လေဟာပြင်ဖြတ်လမ်းက အသုံးဝင်မှာမဟုတ်ဘူး"

"ဩော်"

လူ၂ယောက်သည် သူတို့အဝေးမှ လိုက်လာကာ စောင့်ကြပ်ပေးနေလေသည်။

"မင်းသားက တကယ်ပဲ အဲလူသားကိုရေအောက်ပုလဲပေးလိုက်တာလား"

"မင်း မမြင်ဘူးလား"

"ဒါပေမဲ့ အဲဒါကရေအောက်ပုလဲလေ၊ တန်ဖိုးကြီးရေအောက်ပုလဲပဲ၊ မင်းသားက ဘာလို့ သူ့ကို ပေးသုံး ရတာလဲ၊ သူ့ကို ရေအောက်ပုလဲနီ ပေးတာမှ ဟုတ်သေးတယ်"

ရှီမာယူယူ စားလိုက်သော ရေအောက်ပုလဲမှာ စိမ်းပြာရောင်ဖြစ်သည်။ ထိုပုလဲစားပြီးနောက်တွင် ခန္ဓာကိုယ်အတွင်း ပုလဲရှိနေသရွေ့ကို ရေအောက်တွင် အချိန်မရွေးအသက်ရှုနိုင်မည်ဖြစ်သည်။ ရေအောက်ပုလဲ နီမှာတော့

ခေတ္တသာဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ၁လသာ ရှိနေနိုင်သည်။ ၁လ အကြာတွင် သက်ရောက်မှု ပျက်ပြယ်သွားမည်ဖြစ်သည်။ ရေအောက် ပုလဲနီများသည် သာမန်မဟုတ်သော်လည်း ရေအောက်ပုလဲစိမ်းပြာမှာ တော့ အလွန်ရှားပါးရာ ပင်လယ်ကြမ်းပြင်တစ်ခုလုံးတွင် အနည်းငယ်သာရှိသည်။

"မင်းသားက သူ့ကို အထူးတလည်ဆက်ဆံနေသလိုပဲ"

"အထူးတောင်မှ ရိုးရိုးအထူးမဟုတ်ဘူး၊ ကြည့်လိုက် မင်းသားက သူ့ကိုပြုံးပြနေတာ၊ မင်းသားက ငါတို့ ကိုအဲလိုပြုံးပြဖူးလား"

"မင်းသားက သူ့ကိုနှစ်သက်နေတာလား"

"နှစ်သက်စရာလား၊ သူက မိန်းမလျာလို ယောကျာ်းကြီးပဲ"

"ယောကျာ်းကဘာဖြစ်လဲ၊ ယောကျာ်းကလည်း ယောကျာ်းကိုကြိုက် နိုင်တာပဲ"

"ဒါပေမဲ့ မင်းသားက ယောကျာ်းလေးကိုကြိုက်တာ ငါမမြင်ဖူးဘူး"

"အရင်ကအရင်ပဲ အခုကအခု၊ မင်းသားက အရင်ကမကြိုက်လည်း အခုမကြိုက်ဘူးလို့ ဆိုလိုတာမဟုတ် ဘူး၊ လူသားတွေပြောသလိုပေါ့၊ ငါက ယောကျာ်းတွေကိုမကြိုက်တတ်ပေမယ့် မင်းကိုကြိုက်တယ် ဒါပေမဲ့ မင်းက ယောကျာ်းလေးဖြစ်နေတယ်၊ အမလေး ဘယ်လောက်တောင် ရိုမန့်တစ် လိုက်လဲ"

"မင်းဆက်ပြီး ပေါက်ကရပြောနေမယ်ဆိုရင် မင်းသားက မင်းကို အလောင်းဖြစ်အောင် လုပ်ပစ်လိုက်လိမ့်မယ်" အစောင့်တစ်ယောက်သည် သတိပေးပြီးနောက် လျှောက်သွားလေသည်။ နောက်တစ်ယောက်သည် အမြန်ပြေးလိုက်လေသည်။

သူတို့သည် တောများကိုဖြတ်ပြီး တောင်များကိုကျော်ပြီးနောက်တွင် အဆုံးမရှိသော ပင်လယ်ကိုတွေ့ လိုက်ရလေသည်။

"ပင်လယ်ရဲ့ အသက်က ရေပဲ၊ ပင့်ကူရဲ့အသက်က ခြေထောက်ဖြစ်နေသလိုမျိုးပေါ့" ရှီမာယူယူသည် ပင်လယ်ဘက်ကို မျက်နှာမူပြီး လက်ဆန့်ထုတ်ကာ စိတ်လှုပ်ရှားစွာ သက်ပြင်းချလိုက်သည်။

"ဟင်" ဂူလာလီသည် သူမအား နားမလည်စွာကြည့်လိုက်သည်။

"အဟွတ်အဟွတ် ဒီစကားကိုအရင်ကကြားဖူးတာပါ" ရှီမာယူယူသည် နေရခက်စွာ ပြောလေသည် "ကျွန်တော်တို့အခုဆင်းလို့ရပြီလား"

"အင်း" ရုတ်တရက်ပင် ဂူလာလီသည် သူမ လက်မောင်းကိုဆွဲကာ ကောင်းကင်သို့ပျံသွားပြီးနောက် ရေထဲသို့ဆင်းလိုက်သည်။

ရေအောက်မသွားခင်တွင် ရှီမာယူယူသည် မသိစိတ်မှမျက်စိနှင့်ပါးစပ်ကိုပိတ်မိလေသည်။ ရေအောက် သို့နှစ်လိုက်သောအခါ သူမခန္ဓာကိုယ်တစ်ခုလုံး ဝန်းရံခံရသလိုခံစားရပြီး ကြီးမားသော ဖိအားတစ်ခုသည် သူမကိုဖိအားပေးသလိုဖြစ်နေသော်လည်း သူမခန္ဓာကိုယ်နားရောက်သောအခါ ရပ်သွားသည်။

သူမ မျက်လုံးဖွင့်လိုက်ရာ ခန္ဓာကိုယ်အား ပါးလွှာသော အထပ်တစ်ခုသည် ကာထားသည်။ ထို့ကြောင့်ပင် အပြင်မှရေများမှဝေးကာ သန်မာသောဖိအား၏ ဖိနှိပ်ခြင်းမရှိပဲ ချောမွေ့နေသည်။

"ဒါက ရေအောက်ပုလဲရဲ့လုပ်ဆောင်ချက်လား" သူမသည် နှစ်သက်အားရစွာ မေးလိုက်သည်။

"ဟုတ်တယ်" ဂူလာလီ ပြန်ဖြေလေသည် "ကျွန်တော်တို့က ရေအောက်မှာ လွတ်လွတ်လပ်လပ် အသက်ရှူလို့ရတယ်လေ ဒါပေမဲ့ လူသားတွေကမရဘူး၊ အဲဒါနဲ့ဆိုရင် ရေအောက်မှာရော ကုန်းပေါ်မှာရော အတူတူပဲ"

"ကျေးဇူးတင်ပါတယ်" ရှီမာယူယူသည် ကျေးဇူးတရာကိုခံစား မိလိုက်သည်။

ထိုအရာသည် အလွန်တန်ဖိုးရှိသော်လည်း သူမကိုပေးခဲ့သည်။

"သွားကြမယ်၊ ကျွန်တော်တို့သွားရင်းနဲ့ ပြဿနာတချို့တွေ့နိုင်တယ်၊ ကျွန်တော်တို့နေရာကို မြန်မြန် သွားဖို့ဆို ခံနိုင်ရည်ရှိမှဖြစ်မယ်" ဂူလာလီ ပြောပြီးနောက်တွင် သူမတုန့်ပြန်မှုကိုမစောင့်တော့ပဲ သူသည် ရှည်လျား သောခရမ်းရောင်နဂါးအဖြစ် ပြောင်းလိုက်သည်။

ထိုနဂါးသည် အရင်ဘဝကမြင်ဖူးသော နဂါးလောက်တော့ စွမ်းအား မကောင်းပေ။ သို့သော် ရှီမာယူယူ အတွက် အထူးတဆန်းဖြစ်နေတုန်းပင်။ အစပိုင်းတွင် တစ်ဖက်လူမှ သူ့ကိုစီးခိုင်းမည်ဟုထင်ထားမိသည်။ သို့သော် အမှန်တကယ်မှာ သူမဆန္ဒပင်ဖြစ်သည်။ ကြီးမားသော လက်သည်းများနှင့် ဂူလာလီသည် သူမအား ဆုပ်ကိုင်ပြီး အလင်း၏ အရှိန်နှင့်ကူးခတ်သွား လေသည်။

"အမလေး ခရီးသွားသဘော်ထက်တောင် မြန်သေးတယ်" သူမ လက် နှစ်ဖက်လုံးဖြင့် ဂူလာလီ၏ လက်သည်းများကို ဆုပ်ကိုင်ထားသည်။ သူမ သည် ရေအောက်ကမ္ဘာကို စိတ်လှုပ်ရှားစွာ ကြည့်လေသည်။

ဂူလာလီသည် ခေါင်းငုံ့ကြည့်ရာ သူမ၏ စိတ်လှုပ်ရှားနေသော မျက်နှာလေးကိုတွေ့လေသည်။ သူ သည် အမြီးကိုလှုပ်ယမ်းကာ အရှိန်ကို မြင့်လိုက်သည်။

သူတို့သည် ရက်အနည်းငယ်ခရီးနှင်လာရာ များစွာသောမျိုးနွယ်များ၏ နယ်မြေကိုဖြတ်ကျော်လာပြီး ဖြစ်လေသည်။ ထိုမျိုးနွယ်များသည် ဂူလာလီထုတ်လွှတ်လိုက်သော ရောင်ဝါကိုခံစားမိသဖြင့် သူတို့နှင့်အဝေးတွင် သာနေကြလေသည်။

"ကျွန်တော်တို့ရောက်တော့မယ်" ဂူလာလီပြောလိုက်သည် "ဒီတစ်ခါကို ရန်သူဟောင်းတွေနဲ့မတွေ့တာ ကံကောင်းတယ်"

"ခင်ဗျားမှာ ရန်သူအဟောင်းတွေရှိတာလား" ရှီမာယူယူ မေးလိုက်သည်။

"သက်ရှိသတ္တဝါ ကမ္ဘာမှာတော့ စိတ်တိုင်းကျမဖြစ်ဘူးလေ၊ ဘိုးဘွား စဉ်ဆက်ရန်ငြိုးတွေပေါ့" ဂူလာလီ ရှင်းပြလေသည်။

ရှီမာယူယူလည်း ထိုသို့တွေးသည်။ ဒီကမ္ဘာမှာ ရန်သူမရှိသူ မရှိပေ။

နောက်နေ့တစ်ဝက်ခရီးနှင်ပြီးနောက်တွင်
ခရမ်းရောင်မျိုးနွယ်နယ်မြေသို့ရောက်လေသည်။ ဂူလာလီ ရေကူးလာသော အပေါ်စီးမှ ရှီမာယူယူ ကြည့်ကြည့်ရာ ငြိမ်နေခဲ့သော ရေနဂါးများသည် ခေါင်းမော့ကာ သူ့အား အရိုအသေပေးကြလေသည်။

ဂူလာလီသည် ရှီမာယူယူအား ရေအောက်နန်းတော်ဆီသို့ ခေါ်သွား ပြီးနောက် ရပ်လိုက်လေသည်။ သူ သည် လက်သည်းများကိုဖြေပြီး ရှီမာယူယူ ကိုလွှတ်ပေးပြီးနောက် လူသားအသွင်ပြောင်းလိုက်သည်။

"မင်းသား ပြန်လာပြီလား" အစောင့်များသည် ဂူလာလီကို အရိုအသေ ပေးလေသည်။

"ခမည်းတော်ဘယ်မှာလဲ" ဂူလာလီမေးလေသည်။

"ဘုရင်ကြီးက မိဘုရားကြီးနဲ့ရှိနေပါတယ်" အစောင့်ပြန်ဖြေလေသည်။

ဂူလာလီသည် ခြေလှမ်းများရပ်သွားပြီး တခြားတစ်ဖက်သို့ဦးတည်ကာ "ကျွန်တော်နဲ့လိုက်ခဲ့ပါ လိုက်ပြ ပေးမယ်"

"မင်းသား" လူအိုကြီးတစ်ယောက်သည်နန်းတော်မှ လျှောက်ထွက်လာလေသည်။ သူ့တွင် မုတ်ဆိတ် မရှိပဲ နှုတ်ခမ်းမွေး၂ခုသာရှိလေသည်။

"ဝန်ကြီးချုပ်" မင်းသားသည် အဘိုးအိုများကို အလွန်လေးစားမှုရှိသဖြင့် လေသံတစ်မျိုးဖြင့်ပြောလေ့ရှိ သည်။

"မင်းသားက မိဖုရားကိုသွာကြည့်မလို့လား" ဝန်ကြီးချုပ်သည် မေးလေသည်။

"ဟုတ်တယ် ကျွန်တော် သမားတော်ရှာတွေ့လာတယ်၊ ဖြတ်သွားရင်းနဲ့ ခမည်းတော်နဲ့ မယ်မယ်ကို သွားပြမလို့" ဂူလာလီပြန်ဖြေလိုက်သည်။

"နန်းတော်ထဲကို လူသားတွေဝင်ခွင့်မရှိဘူးလို့ ပြီးခဲ့တဲ့တစ်ခေါက်က ဘုရင်ကြီးကမိန့်ကြားခဲ့ပါတယ်၊ အခု သူမကိုခေါ်လာတော့ ဘုရင်ကြီးကို မခန့်လေးစားဖြစ်ရာရောက်မှာ စိုးပါတယ်" ဝန်ကြီးချုပ်သည် သတိပေးလေ သည်။

"ကျွန်တော် ခမည်းတော်ကို ဖြောင်းဖြမှာပါ၊ ဝန်ကြီးချုပ်လည်း ကျွန်တော်တို့နဲ့လိုက်မှာလား" ဂူလာလီ သည် ထိုပြဿနာအား လုံးဝမစိုးရိမ်ပေ။

"လိုက်မှာပါ ဘုရင်ကြီးဒေါသဖြစ်ရင် ဝန်ကြီးချုပ်က ကာကွယ်ပေးရမှာပေါ့" ဝန်ကြီးချုပ်သည် လေးလံစွာ ပြောလေသည်။

"ရှတ်" သူ၏ ပုံစံကိုမြင်သောအခါ ရှီမာယူယူသည် ရယ်မောလိုက်လေသည်။ ထို့နောက်တွင် သူမသည် ဂူလာလီကို ပြောလိုက်သည် "ခင်ဗျားရဲ့ ခမည်းတော်က လူသားတွေကို မုန်းတီးတယ်လို့ ပြောခဲ့တယ်မလား"

"အရင်တုန်းက ငါတို့ လူသားအဂ္ဂိရတ်ပညာရှင်တွေ သမားတော်တွေခေါ်လာဖူးတယ် ဒါပေမဲ့ သူတို့က သူမကို မကုနိုင်ခဲ့ဘူး အခြေအနေ တောင်ပိုဆိုးသွားတယ် ပြီးခဲ့တဲ့တစ်ခေါက် ငါတို့ခေါ်တာတော့ သေလုနီးပါးဖြစ် သွားတာ အဲဒါကြောင့် ခမည်းတော်က လူသားတွေကိုခေါ်မလာဖို့ တင်းကြပ်လိုက်တာ" ဂူလာလီသည် ရှင်းပြ လေသည် "ဘာလို့လဲ ကြောက်လို့လား"

"ကြောက်လည်းအသုံးမဝင်ဘူးလေ ပြန်ဖို့နည်းလမ်းမှမရှိတာ၊ ပြီးတော့ ခင်ဗျားကခေါ်လာတာဆိုတော့ ဒီမှာ သေအောင်ပစ်ထားမှာမဟုတ်ဘူးလို့ယုံတယ်" ရှီမာယူယူ ပြန်ဖြေလိုက်သည်။

"မင်းက ယုံကြည်ချက်ရှိတုန်းပါပဲလား" ဂူလာလီ အားရပါးရပြုံးလိုက်သည်။

ယုံကြည်ချက်အပြည့်ရှိသောလူကိုတွေ့ဖူးသည်မှာ ပထမဆုံးအကြိမ်တော့မဟုတ်ပေ။ သို့သော် ထို ယုံကြည်ချက်အပြည့်ရှိသောလူတချို့သည် သူ့အား စိတ်ပျက်အောင်လုပ်ခဲ့သည်။

"ခဏနေရင် ခင်ဗျားအရင်သွားလိုက် ကျွန်တော်အပြင်မှာစောင့်နေမယ်" ရှီမာယူယူ အကြံပေးလေ သည်။

"ဘာလို့လဲ"

"ခင်ဗျားအဖေကိုအရင်ကြိုပြောနှင့်ထားလိုက် မဟုတ်ရင် ကျွန်တော့်ကို မြင်တာနဲ့ သတ်လိုက်မှာစိုးရ တယ်၊ အဲလိုဖြစ်ရင် သူ့ကို မတားနိုင်ဘူးမလား" ရှီမာယူယူ ပြန်ဖြေလေသည်။

ထို အင်အားက ကြောက်စရာကောင်းလောက်အောင် သန်မာသော သတ္တဝါအိုဆိုရင်တော့ သူမ အသက်အတွက် အပြင်မှာစောင့်တာပိုကောင်း ပါတယ်။

**အခန်း (၇)**

**အပိုင်း (၆၇၉) – ဆရာကဒီကိုလာဖူးတယ်**

ရှီမာယူယူ ပွင့်လင်းစွာ တောင်းဆိုလာမည်ဟု ဂူလာလီ ထင်မထားပေ။ ထိုအကြောင်းအား စဉ်းစားမိ သည်နှင့် သူခေါင်းညိမ့်ကာ "ကောင်းပါပြီ အပြင်မှာစောင့်နေပါ၊ ချန်ရှောင်းက ကျွန်တော်နဲ့လိုက်ခဲပါ"

"ဟုတ်သားပဲ ဘယ်သူဒဏ်ရာရတာလဲ" သူမ မေးလိုက်သည်။

"ကျွန်တော့်အမေပါ" ဂူလာလီ ပြောလိုက်သည် "ကျွန်တော့်အဖေ ဘုရင်ကြီးနဲ့ အမေနဲ့က ဆက်ဆံရေး ကောင်းကြတယ်၊ အဲဒါကြောင့် သူမအသက်ကိုကယ်ရဖို့ သူအကုန်လုံးကိုလျစ်လျူရှုထားတာ၊ ဒါပေမဲ့ အဲလိုလုပ် ပေးတာတောင် ကျွန်တော့်အမေက ရေကျောက်ဖျာပေါ်မှာ လှဲနေရတယ်၊ သူမက စကားလည်းမပြောနိုင်ဘူး မျက်စိ လည်းမဖွင့်နိုင်ဘူး၊ သေလုလိုပါပဲ"

စကားအဆုံးတွင် ဂူလာလီ၏ အသံသည်နိမ့်သွားပြီး ခံစားချက်များ ပါလာသည်။

"ကျွန်တော်တို့ အမေ့ကိုကယ်ဖို့အတွက် အများကြီးကိုအားထုတ်ခဲ့ပြီးပြီ၊ ဒီလောကအပြင်ဘက်ကိုလည်း ဂရုစိုက်ရသေးတယ်၊ ကျွန်တော်တို့ မျိုးနွယ်ဝင်တွေလည်း စိတ်မရှည်တော့ဘူး၊ ဒါပေမဲ့ အဖေကတော့ အဲဒါတွေ ဂရုမစိုက်ဘူး" ဂူလာလီ ဆက်ပြောလေသည် "ပြီးတော့ ကျွန်တော့်အမေကို ကယ်ဖို့အတွက် နည်းလမ်းကို ကျွန်တော်ကိုယ်တိုင် တိုင်းပြည်အနှံ့သွားလာတာလည်း နှစ်ပေါင်းကြာသွားပြီ၊ မျိုးနွယ်အတွင်းဖြစ်ပျက်သမျှကိစ္စ ကို နည်းနည်းပဲဂရုစိုက်နိုင်တယ်၊ ကျွန်တော့်ဒုတိယညီက ခရမ်းရောင် ရေမျိုးနွယ်ကို အကူအညီပေးနိုင်လို့တော် သေးတယ်၊ သူတို့ကပဲ ကျွန်တော် ရှာဖွေရေးထွက်နိုင်အောင် နောက်ကနေကူညီပေးနေတာ"

"ခင်ဗျားတို့က အမေကိုတော်တော်ချစ်ကြတာပဲ" ရှီမာယူယူ ပြောလိုက်သည် "နိဗ္ဗာန်ဆေးအကြောင်းကို ခင်ဗျားတို့ကိုဘယ်သူပြော တာလဲ"

"ကျွန်တော့်အမေအခြေအနေကို လာကြည့်တဲ့ အဂ္ဂိရတ်ပညာရှင်တစ်ယောက်ရှိတယ်၊ နိဗ္ဗာန်ဆေးမရှိ ရင် အမေ့ကိုကယ်ဖို့တခြားနည်းလမ်းမရှိဘူးလို့ပြောတယ်၊ သူမကို သတိပြန်ဝင်လာအောင် တစ်ယောက်ယောက်က ကူညီပေးနိုင်တယ်ဆိုရင်လည်း မသန်မစွမ်းဖြစ်သွားမှာတဲ့" ဂူလာလီ ပြောလေသည် "အစတုန်းက တော့ ကျွန်တော်တို့စိတ်ထဲမထားဘူး၊ ဒါပေမဲ့ ဒီကိုလာတဲ့လူတိုင်းကလက်လျော့သွားကြတယ်၊ ကျွန်တော့်အဖေ က အဲဒီအဂ္ဂိရတ်ပညာရှင်ပြောသွားတဲ့ ဆေးကိုသတိရသွားပြီး လူလွှတ်ပြီး အဲဆေးဖက်ဝင်ပစ္စည်းကိုရှာခိုင်းတော့ တာပဲ"

ထိုလူသည် နိဗ္ဗာန်ဆေး၏ တည်ရှိမှုကို သာမာန်သိရုံမျှမဟုတ်သော လူဖြစ်လောက်သည်။ ထိုလူသည် နိဗ္ဗာန်ဆေး၏ တည်ရှိမှုကိုသိရုံသာမက ဆေးနည်းကိုပါ ထုတ်ပေးနိုင်သည်။ သူသည် တိုင်းပြည်တွင် အင်အားကြီးမားသော သခင်ဖြစ်ရမည်။

"အဲဒီအဂ္ဂိရတ်ပညာရှင်ရဲ့ နာမည်နဲ့ သရုပ်မှန်ကိုသိလား" ရှီမာယူယူ မေးလိုက်သည်။

"သိတယ် သူက အံ့ဖွယ်နတ်ဆိုးတောင်ကြားရဲ့ နတ်ဆိုးတောင်ကြား သခင်ပဲ၊ ငါ တိုင်းပြည်တွေကို သွား တုန်းက သူ့နာမည်ကိုကြားလိုက်တော့ အံ့ဖွယ်နတ်ဆိုးကြောင်းကိုသွားပြီး သူ့ကိုသွားရှာတယ်၊ အဲအချိန်တုန်းက ကျွန်တော် အံ့ဖွယ်နတ်ဆိုးတောင်ကြားကိုဝင်ဖို့အတွက် သူတို့တံခါးကိုပါ ချိုးလုနီးပါးဖြစ်သွားတယ်၊ နောက်တော့ သူလုပ်ချင်တယ်လို့မပြောခင်ကို ကျွန်တော် သူ့ကိုပစ္စည်းအများကြီးပေးတယ် အစတုန်းက သိပ်မများပါဘူး၊ ဒါပေမဲ့ အဘိုးနတ်ဆိုးက ပစ္စည်းစာရင်းကိုကြည့်ပြီး ထပ်ပေးရင် ကျွန်တော်နဲ့ လိုက်မယ်လို့ပြောခဲ့တယ်" ဝူလာလီ ပြောလိုက်သည်။ ထို့နောက်တွင် သူသည် ရှီမာယူယူ၏ မျက်နှာထားမှာ ပိုထူးဆန်းလာသည်ကို တွေ့ပြီးမေး လိုက်သည် "ဘာဖြစ်လို့လဲ"

"အဲအဘိုးနတ်ဆိုးက... တကယ်တော့ ကျွန်တော့်ဆရာပါ" ရှီမာယူယူ ပြောလိုက်သည်။

"သူက ခင်ဗျားဆရာဟုတ်လား၊ ခင်ဗျားက အံ့ဖွယ်နတ်ဆိုးတောင်ကြား ကလား၊ ဒါဆိုရင် ကောင်းကင် ဂိုဏ်းကို ဘာသွားလုပ်တာလဲ" ဝူလာလီသည် သိချင်စိတ်ဖြင့် မေးလေသည်။

"ကျွန်တော်က အံ့ဖွယ်နတ်ဆိုးတောင်ကြားကလူပါ၊ ဒါပေမဲ့ ဆရာက ကျွန်တော် အပြင်မှာရှိတုန်းက လက်ခံထားတာ၊ အဲနေရာကို သွားတောင် မသွားဖူးသေးဘူး" ရှီမာယူယူ ပြောလိုက်သည်။

"အဲဒီနတ်ဆိုးတောင်ကြားကသခင်က သူတို့ထဲမှာတော့ အား အကောင်းဆုံးပဲ ဒါပေမဲ့ သူတောင်မှ ကျွန်တော့်အမေ ရောဂါကိုမကုနိုင်ဘူး၊ သူကလည်း အမေ့ကိုနိုးအောင်မလုပ်နိုင်ဘူး ပြီးတော့ သူကြိုးစားခဲ့သမျှ တွေက နောက်ဆုံးအဂ္ဂိရတ်ပညာရှင်ကြောင့် ပျက်စီးသွားသေးတယ်" ဝူလာလီသည် အဘိုးနတ်ဆိုးအား အကောင်းမြင်စိတ်ရှိသည်။ "တပည့်က ဆရာထက် လက်စောင်းထက်မယ်လို့မျှော်လင့်ပါတယ်"

"ကျွန်တော့်ဆရာက ဆေးပညာမှာ တော်တယ်ဆိုတာ မညာပါဘူး အဂ္ဂိရတ်ပညာမှာလည်း အရမ်း ထူးချွန်ပါတယ်" ရှီမာယူယူ ရှင်းပြလေသည် "သူ့ကိုဆေးဖော်ခိုင်းရင်လည်း ပြဿနာမရှိပါဘူး၊ ဒါပေမဲ့ ဆေးပညာ ကိုတော့ ကျွန်တော်မပြောတတ်ပါဘူး၊ ပြီးတော့ ကျွန်တော်က ဆေးပညာမှာ ဗဟုသုတရှိတာပဲ ရှိတာပါ၊ ကျွန်တော်က ခင်ဗျားအမေကို ကုနိုင်ရင်တောင် ဆရာ့ကို နိုင်တယ်လို့ပြောလို့မရပါဘူး"

ဝူလာလီသည် တည်ငြိမ်နေသော သူမမျက်နှာကို စိုက်ကြည့်ပြီး ပြောလေသည် "ခင်ဗျားဆရာက တပည့် ကောင်းရထားတာပဲ"

"မင်းသားက ချီးကျူးလွန်းနေပါပြီ" ရှီမာယူယူသည် ပြုံးပြီးပြောလိုက် သည်။

သူတို့ စကားပြောရင်းနှင့် နန်းတော်အပြင်ဘက်သို့ ရောက်လေသည်။ ထိုနေရာတွင် လူအနည်းငယ်သာ ရှိသော်လည်း ပိုပြီး တင်းမာနေသည်ဟု ရှီမာယူယူ ခံစားရသည်။

"ဒီနေရာပဲ" ဂူလာလီ ပြောလိုက်သည် "ကျွန်တော် ဖခမည်းတော်ကို အရင်သွားပြောလိုက်ဦးမယ်၊ ချန်းရှင်း ဒီမှာနေပြီး သူ့ကိုစောင့်ပေးလိုက်ပါ"

"မင်းသား ကျွန်တော်လိုက်ခဲ့တာပိုကောင်းမယ်" ချန်းရှင်းသည် ဘုရင်ကြီး ဒေါသထွက်လျှင် မင်းသား အပေါ်သက်ရောက်မှုရှိမည်ကို စိုးရိမ်သည်။ နောက်ပိုင်းတွင် ဘုရင်ကြီးသည် ပိုပြီး ဆိုးလာရာ မိဖုရားခေါင်ကြီး ကွယ်လွန်သွားမည့်အကြောင်းကို မည်သူမှမတွေးရဲကြပေ။

"ဒီမှာပဲနေပြီး ယူယူကိုစောင့်ပေးလိုက်ပါ" ဂူလာလီပြောလိုက်သည် "ကျွန်တော် အဖေနဲ့ စကားသွားပြော လိုက်ဦးမယ် ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ လူသားဖြစ်ပြီး ဒီမှာတစ်ယောက်တည်းကျန်နေခဲ့ရမယ့် ယူယူ့ကိုစိတ်ပူ တာ"

"ကျွန်တော်.. ကောင်းပါပြီ" ချန်းရှင်းသည် ပြောလိုက်သည် "ဘုရင်ကြီး က မင်းသားထွက်သွားပြီးနောက် ပိုင်းကို ပိုပြီးဒေါသကြီးလာတယ်၊ သူ့ကို စကားမများတာကောင်းပါမယ်"

"သိပါပြီ" ဂူလာလီသည် လှည့်ထွက်သွားလေသည်။

ရှီမာယူယူသည် ချန်းရှင်းနှင့် စောင့်ကျန်နေခဲ့လေသည်။ ထိုနေရာရှိ ထူးဆန်းသောကျောက်များကိုတွေ့ သောအခါ ထူးဆန်းသည်ဟု ခံစားမိပြီး ထိတွေ့ချင်မိသည်။

"မင်းအဲဒီကိုမသွားတာ ကောင်းလိမ့်မယ်" ချန်းရှင်း ပြောလေသည်။

"ဘာလို့လဲ"

"ဒီမှာနေရာတိုင်းမှာ ထောင်ချောက်တွေရှိတယ် အဲဒါအပြင် အားသန်တဲ့ အစောင့်တွေလည်းရှိတယ်၊ မင်း လှည့်ပတ်ကြည့်ရင်းကနေ အထင်လွဲခံရပြီး အသတ်ခံရရင် ကံဆိုးလွန်းတယ်လေ" ချန်းရှင်းသည် ရှင်းပြလေ သည်။

ရှီမာယူယူသည် သူ့အကြည့်နောက်လိုက်ကြည့်ရာ ကျောက်ပေါ်တွင် ရွှေမြွေလေးအရွယ်ရှိသော မြွေ အနည်းငယ်ရှိသည်ကို တွေ့လိုက်ရသည်။ သူမသည် မြွေအရောင်အား တွေ့သောအခါ ခရမ်းရောင်ရေနဂါးများ သည် အသွင်ပြောင်းထားသည်ဟု ခန့်မှန်းလိုက်သည်။

"ချန်းရှင်း ဦးလေးတို့ မျိုးနွယ်တွေအကုန်လုံးက ဘာလို့လူသား တွေကိုမုန်းကြတာပဲလား"

"အင်း သူတို့က မိဖုရားကြီးရောဂါကိုမကုနိုင်ကြဘူးလေ၊ ပိုဆိုးအောင် တောင်လုပ်လိုက်ကြသေးတယ်" ထိုစကားပြောလိုက်ချိန်တွင် ချန်းရှင်း၏ မျက်နှာသည် အလွန်ပျက်နေသည်။ သူသည်လည်း လူသားများအပေါ် တွင် အမြင်မကြည်လှပေ။ သူမကိုမသတ်ရသည့်အကြောင်းအရင်းမှာလည်း ဂူလာလီမှ ကိုယ်တိုင်ခေါ်လာခြင်း ကြောင့်ဖြစ်သည်။

ထိုအချိန်တွင် နန်းတော်ထဲတွင် ဂူလာလီသည် သူ့ဖခမည်းတော်နှင့် မျက်နှာချင်းဆိုင်ထားရာ ဂူလာမိုင် သည် အေးစက်သော အမူအရာဖြစ် နေသည်။

"ဒီကို ဘယ်လူသားမှခေါ်မလာရဘူးလို့ပြောထားပြီးသားလေ မင်းက ငါ့စကားကို လျစ်လျူရှုတာလား" ဂူလာမိုင် ဂူလာလီအား ညွှန်ပြနေသော လက်သည် တုန်ယင်လောက်အောင် ဒေါသထွက်နေလေသည်။

"ခမည်းတော် လူသားတစ်ယောက်ရဲ့ အမှားကြောင့်နဲ့ လူသားမျိုးနွယ် အကုန်လုံးကို အပြစ်မတင်သင့် ဘူး" ဂူလာလီ ပြောလိုက်သည် "လူသားတွေ ကြားမှာလည်း လူကောင်းနဲ့ လူဆိုးဆိုတာရှိပါတယ်၊ သမားတော် အတုတွေရှိ သလို ကျွမ်းကျင်သူတွေလည်းရှိပါတယ်၊ ဒါပေမဲ့ လူသားအကုန်လုံး တူတယ်လို့တော့ မဆိုလိုပါဘူး၊ ခမည်းတော် မယ်မယ်ဘက်ကို ကြည့်ပေးပါ၊ သူမက အဲဒီမှာလှဲနေရတာ ဆယ်စုနှစ်များစွာရှိပြီ ပြီးတော့ သူမ အခြေအနေက ပိုဆိုးလာနေပြီ၊ သူမ ရေဖန်ကျောက်အိပ်ရာပေါ်မှာ လှဲနေတာတောင် ဘယ်လောက်ကြာအောင် တောင့်ခံနိုင်မလဲဆိုတာ မသိနိုင်ဘူးလေ"

"အဲလိုဖြစ်ရင်တောင် လူသားကို မကုခိုင်းနိုင်ဘူး" ဂူလာမိုင် ဟိန်းဟောက်လိုက်သည် "မင်း မယ်တော် ပိုပြီးအခြေနေဆိုးလာရတာလဲ မင်းတွေ့ကရာလူသားကိုဆွဲခေါ်သွင်းလာလို့လေ"

"ဒါပေမဲ့ ခမည်းတော် မယ်မယ့်ကို တစ်သက်လုံးအဲမှာပဲ လှဲနေ စေချင်တာတော့မဟုတ်ဘူးမလား၊ စကား လည်းပြောနိုင် ပြုံးလည်းမပြုံးနိုင်၊ သေတာနဲ့ဘာကွာလို့လဲ၊ မယ်မယ်က အပြင်မှာဆော့ကစားရတာကိုကြိုက်တဲ့ နွေးထွေးတဲ့သူပါ၊ သူမက ရယ်ရတာကြိုက်တယ် တခြားလူတွေနဲ့ စကားပြော ရတာကြိုက်တယ်၊ အခု ဒီလိုဖြစ် သွားတော့ သူမသည် ဝေဒနာခံစားရမှာပဲ သေဖို့ပဲမျှော်လင့်နေမှာပဲ"

"မင်းကများ" ဂူလာမိုင်သည် ဂူလာလီအား ထိုးလိုက်ရာ လွင့်ထွက်သွား လေသည်။ သူသည် နန်းတော်၏ နံရံအားတိုက်ပြီးနောက် ကြမ်းပေါ်သို့ကျ သွားလေသည်။

"ဒေါသထွက်နေပြီလား" ဂူလာလီသည် ကြမ်းပေါ်မှ ကုန်းထကာ ပြောလိုက်သည် "ခမည်းတော်က တကယ်ပဲ တစ်ကိုယ်ကောင်းဆန်တာပဲ၊ မယ်မယ်က ဒီလိုဖြစ်နေတာကို ပျော်မှာမဟုတ်တာကိုသိတယ်၊ ဒါပေမဲ့ ဒီအတိုင်းပဲထားထားတယ်၊ ခမည်းတော်က သူမကိုကယ်ချင်တယ်၊ ကျွန်တော်တို့လည်းကယ်ချင်ကြတယ်၊ ဒါပေမဲ့ ဒီမှာအခွင့်အရေးရောက်လာပြီလေ ဒါပေမဲ့ ကိုယ့်ဘက်မှာဆုံးရှုံးတာကို ကြောက်တာနဲ့ ခေါင်းမာပြီး ငြင်းနေတယ်၊ ခမည်းတော် မယ်မယ့်ကိုရောတကယ်ချစ်ရဲ့လား"

**အခန်း (၈)**

**အပိုင်း (၆၁၀) – သူမက မိန်းကလေးပဲ**

"ငါက ဘယ်လိုလုပ်သူမကို မချစ်ရမှာလဲ၊ ငါ့ဘဝမှာ အချစ်ဆုံးလူက မင်းမယ်တော်ပဲ၊ သူမ အသက်ပြန် ဝင်လာဖို့အတွက် ငါ့အသက်သွေးတွေဘယ်လောက် သုံးလိုက်ရလဲ မင်းသိလား၊ မင်းက စကားလုံးတွေနဲ့ ငါ့ကို ဒေါသထွက်သေစေချင်နေတာလား" ဂူလာမိုင်သည် ဂူလာလီအား ကြည့်လိုက်သည်။

"ခမည်းတော်မှားနေပြီ တကယ့်အချစ်စစ်ဆိုတာ မယ်မယ့်ရဲ့ဆန္ဒကို ဂရုမစိုက်ပဲ လုပ်ချင်ရာလုပ်တဲ့ တစ်ကိုယ်ကောင်းဆန်တာမဟုတ်ဘူး" ဂူလာလီသည် မျက်လုံးချင်းဆုံသွားသော်အခါ "ခမည်းတော် စဉ်းစားကြည့်ပါ မယ်မယ့်ကို တစ်သက်လုံးအိပ်ရာပေါ်မှာပဲလှဲပြီးနေသွားစေချင်တာလား၊ မဟုတ်ရင် အပြင်က လူသား ကို စမ်းကြည့်ခိုင်းမလား"

ထိုစကားပြောပြီးနောက်တွင် ၂ယောက်လုံးတိတ်ဆိတ်သွားလေသည်။

"မယ်မယ်..." ဝူလာလီသည် ရုတ်တရက် ရေဖန်ကျောက်အိပ်ရာသို့ ပြေးသွားကာ စိုးရိမ်စွာ ငိုလေသည် "ခမည်းတော် မယ်မယ်ကသိနေတယ် သူမ ငိုနေတယ်"

ဝူလာမိုင်သည် လှည့်လာရာ ပါးပြင်ပေါ်မှ မျက်ရည်များသည် ပင်လယ်ရေများဘက်သို့ စီးသွားသည်ကို တွေ့လိုက်ရသည်။ သူသည် ခေတ္တမျှအာရုံစိုက်ရာမှ ပြောလေသည် "အဲလူကိုဝင်ခိုင်းလိုက်"

ဝူလာလီ၏ မျက်လုံးသည် ပျော်ရွှင်မှုများလက်သွားပြီး အပြေးထွက်သွားလေသည်။

"ယူယူ ကျွန်တော်စကားပြောပြီးသွားပြီ မယ်မယ့်ကိုသွားစမ်းသပ်လိုက်တော့"

"ခင်ဗျားဒဏ်ရာရသွားတာတော့မဟုတ်ဘူးမလား" ရှီမာယူယူ မေးလိုက်သည်။

"ဟင်"

"ကျွန်တော်တို့အားလုံးကြားလိုက်တယ်
တိုက်ခိုက်သံလည်းကြားတယ်" ရှီမာယူယူ ပြောလိုက်သည်။

"ကျွန်တော်အဆင်ပြေပါတယ် မယ်မယ့်ကိုသာသွားကြည့်လိုက်ပါ၊ သူမ စိတ်လှုပ်ရှားသွားတယ်နဲ့တူ တယ် အစငိုတောင်ငိုနေပြီ၊ သူမ စိတ်ခံစားချက်ကို ပြတာ ဒါပထမဆုံးအကြိမ်ပဲ" ဝူလာလီသည် သူမအား ဆွဲခေါ် ကာ အထဲသို့ သွားလေသည်။

ရှီမာယူယူ ဝင်လိုက်ချိန်တွင် ပထမဆုံးလုပ်လိုက်မိသည်မှာ ခရမ်းရောင်ဝတ်စုံဝတ်ထားသော ရန်လို နေသော အမျိုးသားတစ်ယောက်ကို

ကြည့်မိခြင်းဖြစ်သည်။ စဉ်းစားစရာမလိုအောင်ပင် ထိုလူသည် ခရမ်းရောင်ရေဘုရင်ဖြစ်ကြောင်းကို သေချာသွားသည်။

သူ့ရှေ့ရှိ ရေကျောက်ဖျာပေါ်တွင် လှပသော အမျိုးသမီးတစ်ယောက်လှဲလျောင်းနေသည်။ လက်နှစ်ဖက် သည် ဝမ်းဗိုက်ပေါ်တွင်တင်ထားကာ သူမသည် အိပ်နေသည့်အတိုင်းပင်။

"ခမည်းတော် သူရောက်ပါပြီ" ဂူလာလီ ပြောလိုက်သည်။

ဂူလာမိုင်သည် လှည့်လာပြီး ရှီမာယူယူအား ကြည့်လိုက်သည်။ သူမသည် ဒီလောက်ငယ်လိမ့်မည်ဟု သူ ထင်မထားခဲ့ပေ။ သူ အစပိုင်းတွင်ထင်ခဲ့သည်မှာ ဂူလာလီသည် အလွန်ဂုဏ်ရှိန်ကြီးမားသော လူဖြစ်မည်ဟု ထင်ထားခဲ့သည်။

"လာကြည့်လိုက်ပါ" သူသည် ဘေးတွင်ရပ်ပြီး ရှီမာယူယူအား စမ်းသပ်ခိုင်းလိုက်သည်။

ရှီမာယူယူ လျှောက်လာပြီး သူမ လူသားအသွင်ဖြစ်နေသည်ကို သက်ပြင်းချမိသည်။ မဟုတ်လျှင် မိစ္ဆာ အတွက်ဆိုလျှင် သွေးကြောစမ်းရန်မဖြစ်နိုင်ပေ။

"ဝိညာဉ်စွမ်းအင်တွေ ပျောက်နေတယ်၊ သွေးကြောတွေလည်း ပျက်စီးနေပြီ၊ အတွင်းပိုင်း အင်္ဂါအစိတ် အပိုင်းတွေလည်း ကြေမွနေပြီ၊ အဲဒါကြောင့် နိဗ္ဗာန်ဆေးမှမဟုတ်ရင် ကယ်လို့မရဘူးလို့ ဆရာပြောခဲ့တာကိုး" သူမသည် ထိုအမျိုးသမီး၏ အခြေအနေအား စမ်းသပ်ပြီးနောက် သက်ပြင်းချမိလေသည်။

"ဘယ်လိုလဲ မယ်မယ့်ကို ကယ်နိုင်လား" ဂူလာလီသည် စိုးရိမ်စွာ မေးလိုက်သည်။

"သူမ အခြေအနေက ခင်ဗျား ကျွန်တော့်ကိုပြောတာထက်တောင် ပိုဆိုးနေတယ်၊ သူမရဲ့ အတွင်းကိုယ် ပိုင်းနဲ့ သွေးကြောပြဿနာအပြင်ကို သူမ အသိစိတ်ကလည်း ပျက်စီးနေပြီ၊ ပြီးတော့ သူမက ဒဏ်ရာရထားတာ အတော်ကြာနေပြီဆိုတော့ ဒဏ်ရာတွေက အတွင်းထဲထိ ပိတ်မိနေပြီ၊ သူမကို အချိန်တစ်ခုထိ ကုပြီးမှ အဖြေပြန် ပေးနိုင်မယ်" ရှီမာယူယူ ပြောလိုက်သည် "အဆင်ပြေတယ်ဆိုရင်တော့ မျှော်လင့်ချင်မရှိတာမဟုတ်ဘူး၊ ဒါပေမဲ့ သူမက ကျွန်တော့်ကုသမှုကို မတုံ့ပြန်နိုင်ရင် ခင်ဗျားတို့လုပ်ရမှာက နိဗ္ဗာန်ဆေးကို ဆက်ရှာရမှာပဲ"

"မယ့်မယ့်ကို ကုသဖို့ကဖြစ်နိုင်ချေရှိတယ်လို့ ပြောတာလား"

"မင်းသား သူမ တုံ့ပြန်ဖို့လိုသေးတယ်ဆိုတာ ပြောပြီးပါပြီ" ရှီမာယူယူ ပြောလိုက်သည်။

"ဒါဆို သူမကို ကုသဖို့ ဘယ်လောက်ကြိုးစားရမလဲ" ဂူလာလီ မေး လိုက်သည်။

"၁၀ရက်" ရှီမာယူယူ ပြန်ဖြေလိုက်သည်။

"ဒါဆို ၁၀ရက်ပေးပါမယ်"

"ဒီကို အစေခံမိန်းကလေးတစ်ယောက်လွှတ်ပေးတာ ကိစ္စတချို့ လုပ်ရမှာတွေရှိတယ်" ရှီမာယူယူ ပြော လိုက်သည် "ပြီးတော့ သူမ အဝတ်တွေကိုချွတ်ဖို့လိုလိမ့်မယ်"

"မဖြစ်နိုင်ဘူး" သူမ စကားမဆုံးခင်မှာပင် ဂူလာမိုင်သည် စကားဖြတ်ပြောလေသည်။

"ကျွန်တော်အပ်စိုက်ရမယ်လေ" ရှီမာယူယူ ပြောလိုက်သည်။

"ခရမ်းရောင်မျိုးနွယ်ရဲ့ မိဖုရားခေါင်ကြီး ခန္ဓာကိုယ်ကို ဘယ်လိုလုပ်တခြားယောကျ်ားလေးကိုပြရမှာလဲ မဖြစ်နိုင်ဘူး" ဂူလာမိုင်သည် ချက်ချင်းငြင်းဆန်လေသည်။

"ခမည်းတော် သူမက မိန်းကလေးပါ" ဂူလာလီသည် ချက်ချင်းပင်ဂူလာမိုင်၏ ဒေါသကို ဆွဲထားပြီး ပြော လေသည်။

ဂူလာမိုသည် သံသယဝင်နေတုန်းပင်။ ရှီမာယူယူသည် အံ့သြသွားသည်။

"ဘယ်လိုသိတာလဲ"

"မင်းငါ့လက်ကို ကိုင်လိုက်တုန်းက ယောကျ်ားလေးလက်လို့ မခံစားရဘူး" ဂူလာလီ ရှင်းပြလေသည်။

အာ...

ဒီလိုထူးဆန်းတဲ့နည်းလမ်းလည်းရှိသေးတာလား။ သူမ တခြားသူရဲ့လက်ကိုတွေ့ကရာမကိုင်တော့မှ ဖြစ်မယ်။

"မင်းက တကယ်ပဲမိန်းကလေးပဲ" ဂူလာမိုင်သည် မယုံနိုင်ပေ။ သူမသာအမှန်တကယ် မိန်းကလေးဆို ပါက ဘာလို့မပြောနိုင်ရတာလဲ။

ရှီမာယူယူသည် သူမ၏ ထင်ယောင်ထင်မှားလက်စွပ်ကိုလှည့်လိုက်ရာချက်ချင်းပင် ဆံပင်မှ အဝတ်များ မှလွဲပြီး မိန်းကလေးအသွင် ပြောင်းသွား

လေသည်။ သို့သော် ကြည့်လိုက်သည်နှင့် သူမသည် မိန်းကလေးဖြစ်ကြောင်းသိနိုင်သည်။ အထူးသဖြင့် သူမ၏ ရင်ဘတ်ပင်ဖြစ်သည်။

"ဘုရင်ကြီးသဘောတူပါသလား" သူမ ပြောလိုက်သည် "သူမက လူသားပုံစံဖြစ်နေလို့တော်သေးတယ် အဲဒါမှ အပ်စိုက်လို့ရမှာ မဟုတ်ရင် သူမကိုကုရမှာ လည်နေမှာ၊ ဘုရင်ကြီးသဘောမတူရင်လည်း ကျွန်တော့်မှာ ရှေးဟောင်းနည်းလမ်းတွေရှိသေးတယ်"

"မင်းက မိန်းကလေးဆိုမှတော့ အပ်စိုက်လို့ရပါတယ်" ဂူလာမိုင် ပြောလိုက်သည် "ဒါပေမဲ့ မင်းလုပ်နေတဲ့ အတွင်းမှာ ငါရှိနေမယ်"

ရှီမာယူယူသည် နှုတ်ခမ်းတွန့်မိသည်။ ထိုနေရာသည် သူ့နယ်မြေဖြစ်ကာ ကုသရမည့်သူမှာလည်း သူ့ဇနီးဖြစ်သောကြောင့် သူမသည် ကျိုးနွံစွာ နားထောင်ရပေမည်။ အထူးသဖြင့် ထိုအဘိုးကြီးက... လူသားတွေ မြင်တဲ့အမြင်လည်းရှိသေးတယ်လေ။

နောက်ဆုံးတွင် သူမသည် မြင်ကွင်းအားပိတ်ရန် ခန်းဆီးအား ထုတ်လိုက်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဝေလာမိုင်ကို ဆန့်ကျင်ခြင်းမှာ အသုံးမဝင်နိုင်ပေ။

သူမသည် အစေခံမိန်းကလေးအား ထိုအမျိုးသမီး၏ အဝတ်များကိုချွတ်စေပြီးနောက် ဆေး၂လုံးတိုက် လိုက်သည်။ ထို့နောက်တွင် သူမသည် အပ်စိုက်တော့သည်။ နောက်တွင် သူမသည် တစ်နေ့လုံး ကုသမှုများလုပ်ပေးရာ အားလုံးပေါင်း ၅ကြိမ်ရှိလေသည်။

ဂူလာမိုင်သည် ထွက်မသွားပဲ အိမ်ထဲတွင် တစ်ချိန်လုံးရှိနေကာ ရှီမာယူယူ အပ်စိုက်သည်ကို စောင့် ကြည့်နေခဲ့သည်။ သူသည် မိဖုရားကြီး၏ အခြေအနေတိုးတက်လာမည်ကို စောင့်ကြည့်နေလေသည်။

ဂူလာလီအား သားတစ်ယောက်အနေနှင့် မျက်နှာလိုက်ခြင်းမရှိပေ။ သူ့ကို ၁ဂရက်မြောက်နေ့မှပင် လာ စေသည်။ သူနှင့်လိုက်လာသော နောက်တစ်ယောက်သည် သူနှင့် ရုပ်ချင်းဆင်သည်။

"ယူယူ မယ်မယ် ဘယ်လိုနေလဲ" ဂူလာလီသည် ရောက်သည်နှင့် ချက်ချင်းပင် မေးလေသည်။

"သူမက မဆိုးတော့ဘူး၊ အနည်းဆုံးတော့ သူမရဲ့ အရင်အခြေအနေ ဆိုးထက်တော့ ကောင်းလာတယ်" ရှီမာယူယူ ပြန်ဖြေလေသည်။

"ဒါဆိုရင် မယ်မယ့်အတွက် မျှော်လင့်ချက်ရှိသေးတယ်ပေါ့"

"သူမ သတိပြန်ဝင်လာအောင် အကောင်းဆုံးကြိုးစားပေးပါမယ်" ရှီမာယူယူ ပြောလိုက်သည် "ဒါပေမဲ့ ဆေးပါဝင်ပစ္စည်းတချို့လိုမယ်၊ နောက်ကျရင် ဆေးဖော်ဖို့နေရာလည်းလိုမယ်၊ မဟုတ်ရင် ဆေးဖော်ဖို့ အတွက် ကျွန်တော်တို့တိုင်းပြည်အထိ ပြန်သွားရမလိမ့်မယ်"

"ဆေးဖော်ဖို့နေရာဟုတ်လား ဒီနေရာမှာမရဘူးလား"

"မလုပ်နိုင်တာတော့မဟုတ်ဘူး၊ ရေမရှိတဲ့နေရာလိုမယ်၊ မဟတ်ရင် ဆေးကောင်းရမှာမဟုတ်ဘူး" ရှီမာယူယူ ရှင်းပြလေသည်။ "ကျွန်တော် ဒီရက်ပိုင်းအတွင်းကို အပ်စိုက်တာဆက်လုပ်ဦးမယ်၊ အဲအချိန်အတွင်း ကိုတတ်နိုင်သလောက် ဆေးပစ္စည်းတွေပို့ပေးပါ"

"လိုတာပြောပါ ကျွန်တော်သွားရှာလိုက်ပါမယ်" ဂူလာလီပြောလေသည်။

ရေအောက်တွင် စာရွက်မှာ အသုံးမဝင်ပေ။ သူမသည် အသံကျောက်တုံးထုတ်ပြီးနောက် လိုအပ်သည့် ပစ္စည်းစာရင်းကို ပြောလိုက်သည်။ ထို့နောက်တွင် သူမသည် အသံကျောက်တုံးအား ဂူလာလီကိုပေးပြီး "ဒါကို ယူပြီး အံ့ဖွယ်တောင်ကြားမှာ ကျွန်တော့်ဆရာကိုသွားရှာလိုက်ပါ၊ သြော် သူမရှိတာလည်းဖြစ်နိုင်တယ်၊ အဲလို ဆိုရင် တခြားလူကိုရှာလိုက်ပါ၊ အံ့ဖွယ်နတ်ဆိုးတောင်ကြားမှာ ဒီပစ္စည်းတွေမရှိရင် တခြားနေရာမှာသွားရှာရလိမ့် မယ်"

"ကောင်းပါပြီ" ဂူလာလီသည် အသံကျောက်တုံးအားသိမ်းလိုက်သည်။

"ဟုတ်သားပဲ အဲဆေးပစ္စည်းတွေကို ၃လတွင်းရှာရင် အကောင်းဆုံးပဲ" ရှီမာယူယူ ပြောလိုက်သည် "အနည်းဆုံးတော့ ၄လပေ့ါ မဟုတ်ရင် ဒီလအတွင်းလုပ်လာတာတွေက အလဟသဖြစ်သွားလိမ့်မယ်"

"လူတွေခေါ်သွားပါ၊ ပစ္စည်းတွေကို သေချာယူခဲ့ အချိန်မဖြုန်းမိစေနဲ့" ဂူလာမိုင်သည် အမိန့်ပေးလိုက် သည် "ဘယ်လိုပဲဖြစ်ဖြစ် ၃လအတွင်းကို အကုန်ယူခဲ့ရမယ်"

## အခန်း (၉)

## အပိုင်း (၆၁၁) – သူက ဒီမှာဘာလုပ်နေတာလဲ

ဒီနေ့တွင် အံ့ဖွယ်တောင်ကြားသခင်သည် တည်ဆောက်မှုများအကြောင်း စမ်းသပ်မှုလုပ်နေစဉ်တွင် တပည့်တစ်ယောက်သည် ဂူလာလီ

နောက်တစ်ကြိမ်ရောက်လာကြောင်း အကြောင်းကြားလေသည်။ သူသည် ပြုလုပ်ထားသော တည်ဆောက်မှုအသစ်ကို သိမ်းလိုက်လေသည်။

ဂူလာလီသည် သူ့ပစ္စည်းများကို ဖျက်ဆီးခဲ့သည်ကို ပြန်တွေးမိသဖြင့် အစောင့်များသည် ချက်ချင်းပင် တောင်ကြားသခင်အား သတင်းလာပို့ခြင်း ဖြစ်သည်။

"ဂူလာလီ လာတာလား၊ သူက ဒုတောင်ကြားသခင်ကိုလာရှာတာလား၊ ဒုတောင်ကြားသခင် ဒီမှာ မရှိဘူးလို့ပြောလိုက်" အဒုံဖွယ်တောင်ကြားသခင် ပြောလိုက်သည်။

"သူ့ကိုပြောပြီးပါပြီ ဒါပေမဲ့ သူက နတ်ဆိုးတောင်ကြားသခင်ကို လာရှာတာမဟုတ်ဘူးတဲ့" တပည့်သည် ပြန်ဖြေလေသည်။

"သူက ဒုတောင်ကြားသခင်ဆီလာတာမဟုတ်ဘူးလား ဒါဆို သူ ဘယ်သူ့ကိုလာရှာတာတဲ့လဲ"

"ဆရာကြီးကိုလာရှာတာတဲ့"

"ငါ့ကိုလား" အဒုံဖွယ်တောင်ကြားသခင်သည် စာအုပ်ကိုချလိုက်ပြီး "သူဘာ အတွက်လာတာလဲ သိချင် တယ်၊ သူ့ကို ဧည့်ခန်း ဆောင်ကိုခေါ်လာခဲ့လိုက် ငါအဲဒီကို အခုပဲသွားမယ်"

"ဟုတ်ကဲ့ပါ တောင်ကြားသခင်"

တပည့်သည် နောက်ဆုတ်သွားသည်နှင့် အဒုံဖွယ်တောင်ကြားသခင် သည် ပစ္စည်းများသိမ်းပြီး တောင်ကြား အပြင်ပိုင်းသို့ ဖြေးညင်းစွာ လျှောက်သွားလိုက်သည်။

ဂူလာလီသည် အပြင်ဘက်ရှိတည်ဆောက်မှုကို ဖြတ်ကျော်လာပြီး ဧည့်ခန်းဆောင်သို့ဝင်လာသည်။ ထို့နောက်တွင် သူသည် လက်ဖက်ရည်သောက်ရင်း စောင့်နေလေသည်။

ခဏအကြာတွင် အံ့ဖွယ်တောင်ကြားသခင်ဝင်လာသည်။

"မင်းသား အံ့ဖွယ်နတ်ဆိုးတောင်ကြားကို ဘာလို့လာတာလဲ သိချင်ပါတယ်"

ဂူလာလီသည် မတ်တပ်ရပ်ပြီးပြောလေသည် "ကျွန်တော် လီကဒီတစ်ခါကို တောင်းဆိုဖို့လာတာပါ"

"မင်းသားမှာဘာတွေဖြစ်ခဲ့တာလဲ သိချင်ပါတယ်၊ ကျွန်တော်တို့ဘာတွေကူညီဖို့လိုနေတာလဲ" အံ့ဖွယ် တောင်ကြားသခင်သည် ဂူလာလီမှာ ယဉ်ကျေးနေသည်ကိုတွေ့ပြီးနောက် သူဖျက်ဆီးခဲ့သမျှကို မေ့လျော့သွားသလိုပင်။

ဂူလာလီသည် အသံကျောက်တုံးကိုထုတ်ပြီး အံ့ဖွယ်တောင်ကြားသခင်ဆီသို့ ပေးလိုက်သည် "တောင်ကြားသခင် ဒါကိုနားထောင်ရင်သိမလား"

အံ့ဖွယ်တောင်ကြားသခင်သည် အသံကျောက်တုံးအားယူပြီး ဝိဉာဉ်စွမ်းအင်ထည့်လိုက်သည်။ ရှီမာယူယူ၏ အသံထွက်လာသည်။

"ဆရာ ကျွန်တော်က ခရမ်းရောင်ရေမိစ္ဆာမျိုးနွယ်မှာရောက်နေတယ်၊ သူတို့ မိဖုရားကြီးကို ကူပြီးကုပေး နေတာပါ၊ တောင်ကြားမှာ ဒီပစ္စည်းတွေရှိမလားဆိုတာ ကျေးဇူးပြုပြီး ကြည့်ပေးလို့ရမလား၊ ခရမ်းရောင်သဲနလုံးသားအနီသဲ… ကျွန်တော်ဒီမှာ အများဆုံး ၃ ၄ လပဲနေလို့ရမယ်၊

အဲဒါကြောင့် ဒီပစ္စည်းတွေကို ဒီအချိန် အတွင်းကို ပြင်ပေးပါ၊ ဆရာ၊ ကျွန်တော့်ကိုအဲဒါတွေပြင်ပေးပြီး မင်းသားနဲ့ထည့်ပေးလိုက်ပါ၊ သူတို့က ဆရာတို့ကို တန်ရာတန်ကြေးဘယ်လိုပေးမလဲတော့ ကျွန်တော်မသိပါဘူး ဆရာ မြန်နိုင်သလောက် မြန်မြန်လေးပေးပါ”

ရှီမာယူယူ၏ အသံသည် ထိုနေရာတွင်ဆုံးသွားသည်။ သူမလိုအပ်သည့် ပါဝင်ပစ္စည်းစာရင်းကို သူ ရေတွက်မိလေသည်။

ခရမ်းရောင်ရေမျိုးနွယ်မှာ ရတနာတွေအများကြီးလေ

“တောင်ကြားသခင် တောင်ကြားမှာ ယူယူက သူမဆရာမရှိရင်လည်း ဖြစ်တယ်၊ တောင်ကြားသခင်ကိုပဲရှာပါလို့ ယူယူပြောလိုက်ပါတယ်” ဂူလာလီ ပြောလိုက်သည် “ကျွန်တော် တောင်ကြားသခင်ကိုတောင်းဆိုတာပါ တောင်ကြားသခင်ရဲ့ အကူအညီနဲ့ ဒီဆေးဖက်ဝင်ပစ္စည်းတွေကို ပြင်ပေးပါ၊ ယူယူပြောသလိုပဲ ကျွန်တော်တို့က တန်ရာတန်ကြေးပေးမှာပါ”

အံ့ဖွယ်တောင်ကြားသခင်သည် စားပွဲကို လက်ချောင်းဖြင့် ခေါက်နေသည်။ ခေတ္တမျှစဉ်းစားပြီးနောက် ပြောလိုက်သည် “ကျွန်တော်တို့ ပေးချေဖို့ ကိစ္စကို နောက်မှပြောလို့ရပါတယ်၊ ကျွန်တော်တို့ ဒီပစ္စည်းတွေပြင်ဖို့ နည်းလမ်းရှာပါမယ်၊ မင်းသား အပြင်မှာ ခဏလောက်စောင့်ပေးဖို့ပြောချင်ပါတယ်”

“ကျေးဇူးတင်ပါတယ် တောင်ကြားသခင်” ဂူလာလီသည် ကျေးဇူးတင်မိကြောင်း ပြောလေသည်။

အံ့ဖွယ်တောင်ကြားသခင်သည်
တစ်စုံတစ်ယောက်အားခေါ်လိုက်သည်။

"တောင်ကြားသခင်"

တောင်ကြားသခင်သည် သူ့အား အသံကျောက်တုံးပေးပြီးနောက် ပြောလိုက်သည် "သူက တောင်ကြား သခင်လေးလိုတဲ့ ပစ္စည်းတွေပဲ၊ မင်းဒီစာရင်းမှာပါတဲ့ ပစ္စည်းတွေကို ပြင်ထားပေး၊ အရင်ဆုံး တောင်ကြားထဲမှာ ရှိလားကြည့်လိုက် မလောက်ရင် အပြင်ထွက်ရှာလိုက်၊ ဒီပစ္စည်းတွေကို သေချာပေါက်ပြင်ဆင်ပေးပါ"

"ဟုတ်ကဲ့ပါတောင်ကြားသခင်" ထိုလူသည် အသံကျောက်တုံးယူပြီး လှည့်ထွက်သွားလေသည်။

"ယူယူက အပြင်ဂိုဏ်းမှာနေနေတာမဟုတ်လား၊ သူက ကြယ်ကိုးပွင့် သမုဒ္ဒရာကို ဘာသွားလုပ်တာလဲ" အံ့ဖွယ်တောင်ကြားသခင် မေးလေသည်။

"ဒီလိုပါ..."

ဝူလာလီသည် သူနှင့် ရှီမာယူယူအပြင်ပိုင်းဒေသတွင်တွေ့ဆုံပြီးနောက် သူတို့၏ သဘောတူညီချက်ကို ပြောပြလေသည်။

"သိပြီ၊ သူ့ဆေးပညာကမဆိုးဘူးလို့ ငါလည်းကြားတယ် ဟော်လန် တောင်မှ သူ့ကိုချီးကျူးလို့မပြီးနိုင်ဘူး" အံ့ဖွယ်တောင်ကြားသခင် ပြောလေသည် "သူက မင်းသားရဲ့အမေကို ကုနိုင်ဖို့မျှော်လင့်ပါတယ်"

"သူကုနိုင်မယ်လို့ယုံပါတယ်" ဝူလာလီသည် ပြုံးပြီးပြောလိုက်သည် "အရင်က အမေ့ကိုကုဖို့လာတဲ့လူတွေက နည်းလမ်းမရှိတော့ဘူး လို့ပဲပြောခဲ့ကြတာ၊ သူက ၁၀ရက်လောက်ပဲကုရသေးတယ် တိုးတက်မှုမြင် နေရပြီ အဲဒါကြောင့် သူ ကျွန်တော့်အမေကိုကုနိုင်မယ်လို့ယုံတယ်"

"ကျွန်တော်တို့လည်း ဆေးပါဝင်ပစ္စည်းတွေကိုဖြစ်နိုင်သလောက် ပြင်ပြီး မင်းသားရဲ့အမေကိုမြန်မြန်ကု နိုင်အောင် ကူညီပေးပါမယ်၊ အခုတော့ မင်းသားနားဖို့ခေါ်သွားခိုင်းလိုက်မယ်"

"တောင်ကြားသခင် ဒုက္ခခံပေးတဲ့အတွက်ကျေးဇူးပါ"

"ဩော်ဟုတ်သားပဲ ကျွန်တော်တို့ တောင်ကြားမှာတည်ဆောက်မှုတွေ နေရာအနှံ့ရှိတယ်ဆိုတာ သိထား ရမယ်၊ မင်းသား လျှောက်ကြည့် ချင်ရင်တော့ လူတစ်ယောက်ကိုအတူခေါ်သွားပါ မဟုတ်ရင် တစ်ခုခုတွေ့ရင် ပြဿနာတက်နေဦးမယ်" အံ့ဖွယ်တောင်ကြားသခင်သည် သတိပေးလေသည်။

ဂူလာလီသည် ပြီးခဲ့သည့်တစ်ခေါက်က သူတို့၏ တည်ဆောက်မှု အတွင်း မိသွားသည်ကို ပြန်တွေးကာ အနည်းငယ် ရှက်ရွံ့မိသည်။ သူသည် ခေါင်းညိမ့်ကာ ပြောလိုက်သည် "သိပါပြီ"

အံ့ဖွယ်တောင်ကြားသခင်သည် သူ့လူများကို ခေါ်လိုက်ရာ တပည့် တစ်ယောက်သည် ယူလာလီအား လမ်းပြပေးလေသည်။

"ဆရာ" ရင်ဘိုင်ချွန်းဝင်လာသည်။

"ဘိုင်ချွန်းပြန်လာပြီလား၊ မင်းသွားစစ်ဆေးတာ ဘယ်လိုတွေဖြစ်သွား ပြီလဲ" အံ့ဖွယ်တောင်ကြားသခင် မေးလိုက်သည်။

"ကျွန်တော် ခေါင်းဆောင်ကိုတွေ့ခဲ့ပြီ၊ တိမ်တိုက်ဂူက အတွင်းပိုင်း ဒေသကလူတွေနဲ့ အဆက်အသွယ်ရှိ တယ်၊ သူတို့က အရမ်းသတိရှိနေတော့ ဘယ်သူလဲဆိုတာ မသိရသေးဘူး" ရင်ဘိုင်ချွန်းပြောလိုက်သည် "ဆက် ရှာဖို့ သူတို့ကိုထားခဲ့တယ်"

“ပင်ပန်းသွားပြီ”

“ဆရာ့ရဲ့ တပည့်တစ်ယောက်အနေနဲ့ လုပ်ရမှာပဲ” ရင်ဘိုင်ချွန်း ပြောလိုက်သည် “ဆရာ ကျွန်တော် ပြန်လာတဲ့လမ်းမှာ တောင်ကြားကလူက ဆေးပစ္စည်းတွေ ရှာနေတာတွေ့တယ် ဆရာပြန်လာတာလား”

“မဟုတ်ဘူး အဲဒါယူယူပါ” အံ့ဖွယ်တောင်ကြားသခင်ပြောလိုက်သည် “သူက လူလွှတ်ပြီး ဆေးပစ္စည်း တချို့ပြင်ခိုင်းတာ အရေးကြီးတယ် ပြောတယ်”

“ယူယူက တောင်ကြားကိုလာပြီလား” ရင်ဘိုင်ချွန်းသည် ထို ကောင်လေးကိုလွမ်းနေခဲ့သည်။ နှစ်မည်မျှ ကြာမည်ကိုလည်း မသိခဲ့ပေ။ သူ ဘယ်လိုနေသလဲဆိုသည်ကို သူသိချင်မိသည်။

“သူဒီမှာမရှိပါဘူး ခရမ်းရောင်ရေမျိုးနွယ်က မင်းသားကလာတာပါ၊ သူက အသံကျောက်တုံးယူလာခဲ့ တယ်၊ ယူယူက ခရမ်းရောင်ရေမျိုးနွယ်ရဲ့ မိဖုရားကြီးကို ကုပေးနေတာတဲ့၊ သူ ဆေးပစ္စည်းတချို့လိုလို့ သူတို့ကို ပြင်ပေးတာ” အံ့ဖွယ်တောင်ကြားသခင် ပြန်ဖြေလိုက်သည် “အဲကောင်စုတ်လေး မပြောပဲနဲ့ ကြယ်ကိုးပွင့်သမုဒ္ဒရာ ကိုလိုက်သွားတယ် တကယ့်ကို ခေါင်းမာတာပဲ မဟုတ်ဘူးလား”

“သူက ကြယ်ကိုးပွင့်သမုဒ္ဒရာမှာလား” ရင်ဘိုင်ချွန်းသည် စိုးရိမ်သွား သည် “အဲနေရာက အရမ်းအန္တရာယ် များတယ် သူကအဲဒီမှာ ဘာလုပ်နေတာလဲ၊ ဦးလေးတောင် မသွားနိုင်တာကို သူကမိဖုရားကြီးကိုကုဖို့ ခရမ်းရောင် ရေမျိုးနွယ်ကိုသွားလိုက်သေးတယ်၊ သူက ဘာဝင်ရှုပ်တာလဲ”

"မင်းလည်းမသိချင်ဘူးလား" အံ့ဖွယ်တောင်ကြားသခင်သည် ပြုံးပြီး ပြောလေသည် "အဲကောင်စုတ်လေး က ဖွဲကြီးတယ်၊ ဂူလာလီကိုတောင်မှ ဘယ်အခြေအနေမှာ ဘယ်လိုအပေးအယူလုပ်ရမလဲဆိုတာ သိတယ်၊ ဒါပေမဲ့ သူ့ဆေးပညာကမဆိုးဘူးလို့ ပော်လန် ပြောတယ်၊ သူ တကယ်ပဲ ခရမ်းရောင်ရေမိဖုရားကြီးကို တကယ်ပဲ ကုနိုင်မလား မသိနိုင်ဘူးလေ၊ ခရမ်းရောင်ရေမျိုးနွယ်က ကြယ်ကိုးပွင့်သမုဒ္ဒရာမှာ အကြီးဆုံးမျိုးနွယ်ပဲ၊ ငါတို့သာ ဘုရင်ကြီး ဖိဖုရားကြီးတို့နဲ့ ဆက်ဆံရေးကောင်းသွားရင် သူတို့ မျိုးနွယ်ဝင်တွေကြည်သွားရင် အံ့ဖွယ်နတ်ဆိုး တောင်ကြားအတွက်လည်း ကောင်းတာပဲလေ"

"ဒါပေမဲ့ မကုနိုင်ရင်ရော" ရင်ဘိုင်ချွန်းသည် မနားပဲ "ဦးလေး ပြန်လာ တုန်းက မိဖုရားကြီးက အရမ်းကို ထိခိုက်ထားတာ၊ ရေကျောက်ဖျာက သူမ အသက်ကိုဆွဲဆန့်ထားပေမယ့် သတိမြောနေတဲ့အခြေအနေ ရောက် နေပြီတဲ့ ယူယူကငယ်သေးတယ်၊ အဆင်မပြေရင် သူဘယ်တော့မှ ခရမ်းရောင် ရေမျိုးနွယ်က ထွက်လာ နိုင်မှာ မဟုတ်ဘူး"

"သူ့တပည့်က အဲနေရာမှာသေသွားတယ်ဆိုတာကို ဒုတောင်ကြား သခင်သိလို့ကတော့ ပေါက်ကွဲမှာပဲ" အံ့ဖွယ်တောင်ကြားသခင်လည်း စိုးရိမ်သွားသည်။

"ဆရာ ကျွန်တော်အကြံရပြီ..."

၃လအကြာတွင် ရှီမာယူယူသည် မိဖုရားကြီးအား အပ်စိုက်ခြင်းလုပ်ငန်း ပြီးစီးသွားလေသည်။ အစေခံ မိန်းကလေးသည် သူမအား ဝတ်ပေးပြီး

သည်နှင့် တခြားမိန်းကလေးတစ်ယောက်ဝင်လာကာ ဘုရင်ကြီးသူမကို အခေါ်ရှိကြောင်းပြောသေလည်။

သူမသည် ဘေးရှိခန်းမဆီသို့သွားရာ နန်းတော်ရှိလူနှစ်ယောက်ကို ပါတွေ့လိုက်ရသည်။ သူမသည် အံ့သြစွာ ပြောလိုက်သည် "စီနီယာရင်လား ဒီကိုဘာလာလုပ်တာလဲ ဒါကရောဘာလဲ"

**အခန်း (၁၀)**

**အပိုင်း (၆၁၂) – နှစ်ကြိမ်ကျရှုံးခြင်း**

"ယူယူဒါက ငါ့ဆရာလေ" ရှီမာယူယူ လုံခြုံသည်ကိုမြင်သည်နှင့် ရင်ဘိုင်ချွန်းသည် အရင်ကလောက် မစိုးရိမ်တော့ပေ။ သူသည် အံ့ဖွယ်တောင်ကြားသခင်ကိုမိတ်ဆက်ပေးလေသည်။

"တောင်ကြားသခင်ကိုနှုတ်ဆက်ပါတယ်" ရှီမာယူယူသည် သူ့အား အရိုအသေပေးလိုက်သည်။

"ငါ့ကို ဦးလေးလို့ခေါ်သင့်တယ် မဟုတ်ဘူးလား" အံ့ဖွယ်တောင်ကြား သခင်သည် ပြုံးပြီးပြောလေသည်။

အဘိုးနတ်ဆိုးနှင့် အံ့ဖွယ်တောင်ကြားသခင်တို့သည် ညီအစ်ကိုဖြစ်ကြောင်းကို ဝူလင်းယူပြောဖူးသည် ကို ရှီမာယူယူကြားဖူးသည်။ ထို အကြောင်းကိုစဉ်းစားလျှင် သူမသည် ဦးလေးဟုခေါ်သင့်သည်။

"ကျွန်တော်ယူယူက ဦးလေးကိုနှုတ်ဆက်ပါတယ်" သူမသည် ထပ်ပြီးနှုတ်ဆက်ပြန်သည်။

ထိုနှုတ်ဆက်ခြင်းမှတစ်ဆင့် သူတို့သည် ပထမဆုံးတွေ့သည့် နေရာတွင်ပင် ရင်းနှီးသွားလေသည်။

"ဦးလေး စီနီယာရင် ဒီကိုဘာလာလုပ်ကြတာလဲ" ရှီမာယူယူ မေးလိုက်သည်။

"ဒီကစည်းမျဉ်းစည်းကမ်းတွေကို မင်းသေချာမသိရင် သူတို့ဒေါသထွက်မှာစိုးလို့ မင်းကိုကြည့်ပေးဖို့ လာကြတာ" ရင်ဘိုင်ချွန်းပြောလိုက်သည်။

ရှီမာယူယူသည် နွေးထွေးမှုကိုခံစားလိုက်ရသည်။ သူတို့သည် သူမဘေးကင်းရန်အတွက် ယူလာလီနှင့် အတူဒီအထိ လိုက်လာပေးသည်။

"ယူယူ ခင်ဗျားလိုတာတွေကိုအကုန်ပြင်လာပေးတယ် ဘယ်တော့လိုမှာလဲ" ဂူလာလီမေးလိုက်သည်။

"မြန်လေကောင်းလေပဲ၊ ဖြစ်နိုင်ရင် ကျွန်တော်အခုပဲသွားလိုက်တော့မယ်" ရှီမာယူယူ ပြောလိုက်သည်။

"အစ်ကိုကြီး ဧည့်သည်တွေကိုဧည့်ခံလိုက်ပါ၊ ကျွန်တော်သူ့ကို ဆေးဖော်တဲ့နေရာကိုခေါ်သွားလိုက်မယ်" ဂူလာလူပြောလေသည်။

"အိုခေ"

"ယူယူ သွားရအောင်" ဂူလာလူသည် ရှီမာယူယူအား ပြောလိုက်သည်။

ဂူလာလူသည် ခရမ်းရောင်ရေမျိုးနွယ်၏ ဒုမင်းသားဖြစ်ပြီး အလုပ်အများစုကို တာဝန်ယူရသူဖြစ်သည်။ သူမ ထိုနေရာတွင် ၃လရှိနေစဉ်အတွင်း သူ၏ မုန်းတီးမှုနှင့် စက်ဆုပ်မှုတို့မှာ လေးစားမှုအဖြစ်ပြောင်းသွားပြီး မိတ်ဆွေများဖြစ်သွားကြလေသည်။

ရှီမာယူယူသည် အံ့ဖွယ်တောင်ကြားသခင်နှင့် ရင်ဘိုင်ချွန်းတို့ကို နှုတ်ဆက်ပြီး ဝူလာလူနှင့် ထွက်လာခဲ့ လေသည်။

"တောင်ကြားသခင်၊ သခင်လေး၊ ဒီတစ်ခေါက်က ကျွန်တော်တို့ ခရမ်းရောင်ရေမျိုးနွယ်ကို ပထမဆုံး ရောက်ဖူးတာမလား၊ ကျွန်တော်က လိုက်ပြပေးချင်ပေမယ့် အမေ့အခြေအနေနဲ့ဆိုတော့ လျစ်လျူရှုသလိုဖြစ်မှာ စိုးမိပါတယ်" ဝူလာလီပြောလိုက်သည်။

"မင်းသား အဲဒါကိုမစိုးရိမ်ပါနဲ့ ကျွန်တော်တို့ ယူယူ ဆေးဖော် တဲ့နေရာကိုသွားလို့ရတာပဲ"

"ကောင်းပါပြီ အချိန်ကျရင်တော့ ကျွန်တော်တို့ နယ်မြေကိုလှည့်ပတ် ပြပေးပါမယ်" ဝူလာလီ ပြောလိုက် သည် "ကျွန်တော့်နောက်လိုက်ခဲ့ပါ"

ရှီမာယူယူသည် ဝူလာလူနောက်လိုက်ကာ ပင်လယ်တောင်ထိပ်သို့ သွားလိုက်သည်။ တောင်ထိပ်တွင် ဂူ တစ်ဂူရှိကာ ထိုဂူသည် တခြားဂူများနှင့် ကွဲပြားလေသည်။ ဂူအများစုမှာ အောက်ဖက်တွင်ရှိကြကာ ထိုဂူသည် အပေါ်သို့တက်ရသေးလည်။

သူတို့သည် ဂူထိပ်ဝင်ပေါက်သို့ မရောက်မချင်းရေကူးသွားကြသည်။

"ရောက်ပြီ" ဝူလာလူသည် ဂူဆီသို့ရှေ့မှသွားရာ ရှီမာယူယူသည် သူ့နောက်မှလိုက်ခဲ့လေသည်။

"ဒီနေရာမှာ တကယ်ပဲရေမရှိဘူးပဲ" ရှီမာယူယူသည်ခြောက်သွေ့ေ နသော ဂူကိုကြည့်ပြီး ရေအောက် တွင် ဒီလိုနေရာရှိသည်ဟု တွေးဖို့ပင် ခက်သည်။

"ဒီနေရာက ကျွန်တော်ငယ်ငယ်တုန်းက အချိန်ရရင်လာခဲ့တဲ့နေရာပါ၊ ဘာလို့လဲတော့မသိဘူး ဒီနေရာ ကို ပင်လယ်ရေမဝင်ဘူး" ဂူလာလူ ပြောလေသည် "ဒီနေရာမှာ ဆေးဖော်ရင် ဘယ်လိုလဲ"

"ဖြစ်မှာပါ" ရှီမာယူယူ ပြောလိုက်သည် "ဒီနေရာက ဖိအားများ တယ်ဆိုပေမယ့် ဆေးဖော်ဖို့ကို ဖိအား မရှိလောက်ပါဘူး"

"ရှွတ်"

ဝင်ပေါက်မှ အသံများထွက်လာသည်။ သူလှည့်ကြည့်ရာ ဂူလာလီ၊ ရင်ဘိုင်ချွန်းနှင့် အုံ့ဖွယ်တောင်ကြား သခင်တို့ဝင်လာသည်ကိုသာ တွေ့ရ လေသည်။

"အစ်ကို ဘယ်လိုဖြစ်လို့ဒီကိုလာကြတာလဲ"

"ငါတို့လာကြည့်ကြတာ ဒီနေရာကဘယ်လိုလဲ" ဂူလာလီ မေးလိုက် သည်။

"မဆိုးဘူး ယူယူက ဆေးဖော်ဖို့ပြင်နေပြီ" ဂူလာလီ ပြောလိုက်သည် "အခုကစပြီး သူ့ကိုစောင့်ရတော့မှာ ပဲ"

ရှီမာယူယူသည် ကြီးမားသော စားပွဲတစ်လုံးထုတ်ပြီး ဆေးဖက်ဝင် ပစ္စည်းများတင်လိုက်သည်။ တောင် လိုပုံနေသော ဆေးပစ္စည်းများကို တွေ့သောအခါ ဂူလာလီနှင့် ညီဖြစ်သူတို့သည် အံ့သြနေကြလေသည်။

"လူသားဆေးတွေက ဒီလောက်ပစ္စည်းအများကြီးလိုတာလား" ဂူလာလီ မေးလိုက်သည်။

"ပုံမှန်ဆေးတွေကတော့ ဒီလောက်အများကြီးမလိုပါဘူး၊ ယူယူဖော်မယ့် ဆေးက အဆင့်မြင့်တယ်၊ အဲဒါ ကြောင့် ဆေးဖက်ဝင်ပစ္စည်းတွေ အများကြီး လိုနေတာ" ရင်ဘိုင်ချွန်းရှင်းပြလေသည်။

"ဟိုတစ်ခေါက် ကောင်းကင်ဂိုဏ်းမှာတုန်းက သူ့အရည်အချင်းကို အာလုံးက အံ့သြနေကြတာ၊ အဲဒါကြောင့်ပဲ သူ့အရည်အချင်း ကိုကျွန်တော် ယုံသွားတာ" ဂူလာလီသည် ထိုအချိန်ကအကြောင်းကိုတွေးမိ လျှင်စိတ် လှုပ်ရှားမိလေသည်။

အံ့ဖွယ်တောင်ကြားသခင်သည် အလွန်ဝမ်းမောက်လေသည်။ ဒီလိုလူ တစ်ယောက်သည် အံ့ဖွယ်နတ်ဆိုး တောင်ကြားကဖြစ်သည်။ တခြားအင်အား ကြီးများသည် သေချာပေါက်အားကျကြမည်ဖြစ်သည်။

ရှီမာယူယူသည် သူတို့အကြည့်ကိုဂရုမစိုက်ပဲ ပါဝင်ပစ္စည်းများကို ဆက်ပြီး အမျိုးအစားအလိုက်ခွဲခြားနေ သည်။ ဖိအားအနိမ့်အမြင့် မတူညီကြ သဖြင့် ထိုနေရာတွင် စွမ်းအားမည်မျှထည့်ရမည်ကို မသေချာသဖြင့် ကျရှုံး နိုင်ချေလည်းရှိသည်။

ထို့အပြင် ကျရှုံးမှုမဖြစ်စေရန် သူမသည် ပတ်ဝန်းကျင်နှင့် အသားကျရန် တခြားသော ဆေးများကို အရင်ဖော်ကြည့်ရန်ရွေးလိုက်သည်။

ထို့နောက်တွင် သူမသည် လိုအပ်သည့် အခြေခံဆေးတစ်မျိုး ကိုစတင်ဖော်လေသည်။

အခြေခံဆေးမှာ နိဗ္ဗာန်ဆေးနှင့် ဆင်တူသည်။ ထိုဆေးသည် နိဗ္ဗာန် ဆေးကဲ့သို့ ကောင်းကင်အား ဆန့်ကျင်သည့်ဆေးမဟုတ်သည်သာရှိသည်။ ခရမ်းရောင်ရေမိဖုရားကြီးသည် ပြန်ကောင်းရန် အခြေခံဆေးလို သေးသည်။

သူမသည် ပါဝင်ပစ္စည်းများကို ခွဲပြီးနောက် အံ့ဖွယ်တောင်ကြား သခင်သည် ထိုဆေးအဖုံ ၃မျိုးကိုကြည့်ပြီး သူမ ကျရှုံးမည်ကို စိုးရိမ်နေမိသည်။

ဆေးဖော်ခြင်း လုပ်ငန်းစဉ်မှာ ချောမွေ့သည်။ သို့သော် သူမ ပေါင်းစပ်လိုက်သောအခါ သေးငယ်သော အမှားလေးတစ်ခုကြောင့် ဆေးတစ်ဖုံလုံး အလဟသတ်ဖြစ်သွားလေသည်။

ရှီမာယူယူသည် ရလဒ်ကို စိတ်ခဲမထားပေ။ သူမသည် ပျက်စီးသွားသော ပါဝင်ပစ္စည်းများကို သိမ်းပြီး အိုးကိုထပ်ရှင်းလင်းလိုက်သည်။ ထို့နောက်တွင် သူမသည် ဆေး၂လုံးစားကာ စိတ်စွမ်းအင်ပြန်ကောင်းလာစေရန် တင်ပျင်ခွေထိုင်လိုက်သည်။ လုံလောက်သည်နှင့် သူမသည် ဒုတိယအကြိမ်စမ်းသပ်လေသည်။

ဒီတစ်ကြိမ်တွင် သူမသည် ပို၍ဂရုစိုက်ပြီး ဆေးဖော်လေသည်။ သို့သော် သူမသည် ပထမတစ်ဆင့် ပြီးသည်နှင့် ကျရှုံးပြန်သည်။ ဆေးဖိုထဲမှ မီးလောင်သည့်အသံကြားသည်နှင့် ပါဝင်ပစ္စည်းများထပ်ပြီး အလဟသ ဖြစ်သွားပြီဟု ချက်ချင်းပင်သိလိုက်သည်။

သူမသည် ထပ်ပြီး အလေးအနက်စဉ်းစားပြန်သည်။ သူမသည် နောက်ဆုံးတစ်သုတ်ရှေ့တွင်ရပ်လိုက် သည်။ ဒီတစ်ကြိမ်တွင် သူမသည် အလောမကြီးတော့ပဲ ပြီးခဲ့သည့် ၂ခေါက်မှ အမှားကို ဂရုတစိုက်ကိုင်တွယ်သည်။

ဂူလာလီနှင့် တခြားသူများသည် သူမဘေးတွင် တစ်နေ့လုံးကြည့်နေခဲ့သည်။ ဆေး ၃ဖုံတွင် ၂ဖုံမှာ အလဟသဖြစ်သွားသည်ကို သူတို့

မြင်လိုက်သည်။ သူမသာ ထပ်ပြီးကျရှုံးပါက သူတို့မျှော်လင့်ချက်မှာ ရေစုန်မျောပြီဖြစ်သည်။

"ဆရာ ယူယူဖော်နေတဲ့ဆေးက အဆင့်ဂုဆေးမလား" ရင်ဘိုင်ချွန်းသည် မသေချာစွာ ပြောလေသည်။

"ဖြစ်လောက်တယ်" အံ့ဖွယ်တောင်ကြားသခင်သည် သူမ ဆေးစတင်ဖော်သည့်အချိန်မှစပြီး ဂူလာ ညီအစ်ကိုထက်ပင် ပိုစိုးရိမ်ခဲ့သည်။ သူမသာ အောင်မြင်ခဲ့ပါက သူမသည် အဆင့်ဂု အဂ္ဂိရတ်ပညာရှင်ဖြစ်ရမည်။ ဒီလောက်ငယ်သော အဆင့်ဂု အဂ္ဂိရတ်ပညာရှင်သာ သတင်းပျံ့သွားပါ အားကျမည့်သူများပြားလှမည်။

ရှီမာယူယူသည် မျက်လုံးမှိတ်ကာ အလေးအနက်စဉ်းစားလိုက်သည်။ သူမ တစ်ကိုယ်လုံးသည် တရား ထိုင်သည့်အတိုင်း နစ်မြောသွားသည်။ သူမ၏ သန့်စင်ခြင်း၊ ပေါင်းစပ်ခြင်း၊ နောက်ဆုံးအဆင့်ဖြစ်သော ချည်နှောင်ခြင်းတို့မှာ နည်းနည်းချင်းစီပေါ်လာသည်။ သူမခေါင်းထဲတွင် တစ်စုံတစ်ယောက်က လာရေးပေး သကဲ့သို့ပင်။

အချိန်ကြာသောအခါ သူမမျက်လုံးသည် တောက်ပရှင်းလင်းစွာပြန်ပွင့်လာသည်။ သူမသည် စားပွဲရှေ့ လျှောက်သွားကာ ပြန်ကြိုးစားလေသည်။

သူမ၏ တည်ငြိမ်ကာ အလောမကြီးသော အကျင့်ကိုတွေ့သောအခါ အံ့ဖွယ်တောင်ကြားသခင်သည် ကျေနပ်စွာ ခေါင်းညိမ့်လေသည်။ သူမသည် ဖိအားမတူသောနေရာတွင်ပင်လျှင် တည်ငြိမ်နိုင်သည်မှာ ယုံကြည် မှု

သာမန်အဆင့်ထက် သာလွန်သောကြောင့်ဖြစ်မည်။ ဒီလိုအလေးအနက်ရှိသော အကျင့်ရှိသော လူငယ်မှာ ရှားပါးသည်။

ရှီမာယူယူသည် ဆေးကိုတစ်ဆင့်ချင်း ဖော်ပြီးနောက် စိတ်မပြန့်အောင်စိတ်နှစ်ထားသည်။ သူမ ဦးနောက်သည် ဆေးဖော်ခြင်းလုပ်ငန်းစဉ်နှင့် ပြည့်နေသည်။ သန့်စင်ခြင်း၊ ပေါင်းစပ်ခြင်းနှင့် ချည်နှောင်ခြင်း.. အဆင့်တိုင်းအား တည်ငြိမ်စွာပြုလုပ်သည်။ မီးအပူချိန် မီးတောက်အရွယ်အစား... အဆင့်တိုင်းကို သေချာ ထိန်းချုပ်သည်။

"ဘုန်း ဘုန်း"

ဆေးဖော်မှုအောင်မြင်တော့မည်ဟု တွေးလိုက်ချိန်တွင် ဆေးဖိုဘေးတွင် အသံတစ်သံထွက်လာသည်။ ဂူလာလီနှင့် ဂူလာလူတို့ မျက်နှာပျက်သွားကြသည်။ သူတို့သည် အော်လိုက်ကြသည် "ဒီတစ်ခါလည်း မအောင်မြင်တာလား"

သူတို့ညီအစ်ကို စိတ်ပျက်သွားရုံတင်မဟုတ်ပေ။ အံ့ဖွယ်တောင်ကြားသခင်နှင့် ရင်ဘိုင်ချွန်းတို့သည် လည်း ထူးဆန်းသောအမူအရာဖြစ်နေသည်။

**အခန်း (၁၁)**

**အပိုင်း (၆၁၃) – တိုက်ခိုက်ခြင်း**

"ဆရာ" ရင်ဘိုင်ချွန်းသည် ခေါင်းမော့ပြီး အံ့ဖွယ်တောင်ကြားသခင်ကိုကြည့်လိုက်သည်။ အံ့ဖွယ် တောင်ကြားသခင်သည်လည်း သူနှင့်တူသော မျက်နှာထားဖြစ်နေသည်ကိုတွေ့လိုက်ရသဖြင့် တူညီသော အရာကိုစဉ်းစားနေကြောင်းကို သိလိုက်သည်။

"မဆိုးဘူး မဆိုးဘူး ဒုတောင်ကြားသခင်သာ သိရင် ဝမ်းသားမှာပဲ" အံ့ဖွယ်တောင်ကြားသခင်သည် ပျော်ရွှင်စွာ ပြောလေသည်။

ဂူလာလီနှင့် ဂူလာလူတို့သည် မျက်မှောင်များကြုတ်နေကြသည်။ သို့သော် ကျန်နှစ်ယောက် စိတ် လှုပ်ရှားနေသည်ကို တွေ့ကသောအခါ မျှော်လင့်ချက်ရောင်ခြည်သန်းလာသည်။

"တောင်ကြားသခင် အဲဆေးက မကျရှုံးဘူးလို့ပြောနေတာလား" ဂူလာလူ မေးလိုက်သည်။

"ကျရှုံးတယ် ဟုတ်လား မဟုတ်ဘူး သူအောင်မြင်တယ် ဒါတောင်မှ တော်တော်လေးအောင်မြင်တာ" အံ့ဖွယ်တောင်ကြားသခင်သည် ပြောလိုက်သည်။

"အောင်မြင်တယ်ဟုတ်လား ဒါပေမဲ့ အသံလည်းထွက်မလာဘူး" ဂူလာလူသည် နားမလည်ပေ။ သူတို့ ကြားလိုက်သောအသံမှာ သေချာပေါက် ကျရှုံးသောအသံဖြစ်ရာ အောင်မြင်သည်မှာမဖြစ်နိုင်ပေ။

"ဆေးဘေးသင့်ခြင်း" ဂူလာလီသည် စိတ်လှုပ်ရှားသွားသည်။ သူသည် ကုန်းမြေရှိတိုင်းပြည်များတွင်
အချိန်အတော်ကြာလှည့်လာသွားလာခဲ့သည်ဖြစ်ရာ ဆေးဘေးသင့်ခြင်းအသံ ကိုကြားဖူးပြီးဖြစ်သည်။ ဆေးဘေးသင့်ခြင်းအသံထွက်ပေါ်လာသည်နှင့် ဆေး သည် သူ့အဆင့်ကိုဖော်ပြနေသည်။ "ဒါပေမဲ့ ဆေးဘေးသင့်တာ ကို ကျွန်တော်တို့ ဘာမှမပြင်ဆင်ထားဘူးလေ၊ သူ့ကိုမိုးကြိုးပစ်ရင်ဘယ်လိုလုပ်မှာလဲ"

"သူတစ်ယောက်ပဲ ဒါကိုဖြတ်ကျော်နိုင်မှာ" အံ့ဖွယ်တောင်ကြားသခင် ပြောလိုက်သည်။

"ကျွန်တော်တို့ သွားမကူညီရဘူးလား" ဂူလာလီသည် စိုးရိမ်စွာ မေးလိုက်သည်။

"ကျွန်တော်တို့သွားလည်း အသုံးမဝင်ဘူး၊ ဆေးဘေးသင့်တာက ဖော်စပ်သူတစ်ယောက်ကိုပဲ အသိအမှတ်ပြုတာ" ရင်ဘိုင်ချွန်းပြောလိုက်သည်။

ရှီမာယူယူသည် ဆေးဗိုအဖုံးကိုဖွင့်လိုက်သည်။ သူမ ဖွင့်လိုက်သည်နှင့် ပျံထွက်သွားရန် ကြိုးစားနေ သော ဆေးကိုဆုပ်ကိုင်လိုက်သည်။

"လိမ္မာစမ်းပါ ပျံမသွားနဲ့၊ မဟုတ်ရင် ငါ့အားထုတ်မှုတွေအလဟာသ ဖြစ်သွားလိမ့်မယ် ဟုတ်ပြီလား" သူမ သည် ဆေးကိုဆုပ်ကိုင်ကာ တခြားပစ္စည်းများနှင့်အတူ ဝိညာဉ်စေတီအတွင်းသို့ထည့်လိုက်သည်။ ထို့နောက်တွင် သူမသည် ဂူလာလီဘက်လှည့်ကာ ပြောလိုက်သည် "ကျွန်တော့်ကို မြေပြင်ပေါ် ကိုချက်ချင်းပဲပို့ပေး"

"မြေပြင်ပေါ် ဟုတ်လား"

"ဟုတ်တယ် မြန်မြန်လေး"

ဆေးဘေးသင့်ခြင်းသာ ဆေးနှင့်မတွေ့ရပါက ကောင်းကင်တွင် ကြီးကြီးလာမည်။ ရိုးရှင်းသော ဆေးဘေးသင့်ခြင်းမှ စတင်လာသော်လည်း နောက်ဆုံးတွင် မိုးကြိုးဘေးသင့်ခြင်းနှင့် အဆုံးသတ်မည်။ ထို့အပြင် သူမသည် ရေအောက်တွင်ရှိနေကာ ဘေးသင့်ခြင်းတိမ်တိုက်များသည် ဆေးတည်ရှိမှုကို အာရုံခံမိမည်။ သူတို့သည် ရေထဲတွင် အစပျိုးနေပြီဖြစ်သည်။

သူတို့သည် ပစ်မှတ်ကိုရှာမတွေ့ပါက ပင်လယ်ပြင်အပြည့်ဖြစ်သွားသည်နှင့် ရေနှင့် လျှပ်စီးတို့ခတ်ပြုသွားပါက ရေထဲရှိ ဝိညာဉ်မိစ္ဆာများ ဒုက္ခရောက်ကုန်မည်ဖြစ်သည်။

ရှီမာယူယူ အလွန်စိုးရိမ်နေသည်ကို တွေ့သောအခါ ဂူလာလီသည် ထပ်ပြီးဖိအားမပေးတော့ပေ။ သူသည် သူမကိုဂူအပြင်ခေါ်သွားပြီး ပင်လယ်မျက်နှာပြင်ပေါ်သို့ ကူးခတ်သွားလိုက်သည်။ သူတို့ ကမ်းခြေသို့ ရောက်သည့်အချိန်တွင် မည်းနက်နေသော တိမ်တိုက်များသည် ထူနေပြီဖြစ်သည်။

"ဟိုမှာ ကျွန်းလေးရှိသားပဲ အဲဒီကိုသွားရအောင်" ရှီမာယူယူသည် အနီးနားရှိကျွန်းကိုမြင်လိုက်ရာ သူမ ကံကောင်းမှုအတွက် တိတ်တဆိတ် ပျော်နေမိသည်။

သူမသည် ကမ်းခြေသို့တက်လာပြီး ဆေးထုတ်လိုက်သည်။ ဘေးသင့်မှုသည် ဆေးနေရာကိုအာရုံခံမိ သည်နှင့် ချက်ချင်းပင် မှန်တိုင်းကျလာသည်။

"ရွှမ်း..."

မိုးကြိုးတစ်စင်းသည် သူမအား တိုက်ရိုက်ပင်ပစ်လိုက်သည်။ သူမ ဒိုင်းကာကျိုးပဲ့သွားသည်။

"ဘုတ်...." ရှီမာယူယူသည် မြေပေါ်သို့ဒူးထောက်လိုက်ပြီး ဆေးကို မှော်ဝင်လက်စွပ်အတွင်းသိမ်းလိုက် သည်။ ထိုအချိန်တွင် သူမသည် ဆေးဘေးသင့်ခြင်း ပြီးသွားပြီဖြစ်သည်။

"ရင်းနှီးနေတဲ့နာကျင်မှုပဲ" သူမသည် အံကြိတ်ရင်း ပြောလေသည်။

ထိုအချိန်တွင် သူမသည် အဲ့ဖွယ်အဆင့်တက်သွားကာ ပစ်ပေါက်ခြင်းခံလိုက်ရလေသည်။ ငှက်လေး အဆင့်မြင့်တက်သည်နှင့် သူမသည်

အလယ်အလတ်အဆင့်တက်ခဲ့စဉ်ကလည်း ပစ်ပေါက်ခြင်းခံရသည်။ သူမ ဂိုဏ်းအတွင်းရှိစဉ်က အဆင့်မြင့်တက်ချိန်တွင်လည်း သူမသည် တောနက် အတွင်းပြေးပြီး တောင်များအကြား တွင် ပစ်ပေါက်ခံခဲ့ရသည်။ ဒီလိုရိုးရှင်း သော ဆေးဘေးသင့်မှုကလည်း ကြီးမားသော မိုးကြိုးအပစ်ခံရမည်ဟု မည်သူထင်မိမှာနည်း။

သူမသည် အားစိုက်ကာ လှန်ပြီး မြေပေါ်တွင်လှဲလိုက်သည်။ သူမ သည် ကောင်းကင်မှ တိမ်တိုက်ကို အော်လိုက်သည် "ဒီမှာ အစ်ကိုကြီး၊ ဘာလို့ ငါ့ကိုပဲ ပစ်ပစ်နေတာလဲ၊ မင်းတို့က ငါ့ရဲ့ လျှပ်စီးစွမ်းအင်ကို သဘော ကျတယ်ဆိုရင်တောင်မှ နားချိန်လေးတော့ပေးဦးလေ"

ဆေးဘေးသင့်မှုသည် ဒီအချိန်ဖြစ်လိမ့်မည်ဟု သူမ ထင်မထားပေ။ ထို့ကြောင့်ပင် သူမသည် ပြင်ဆင် ထားခြင်းမရှိသဖြင့် မိုးကြိုးပစ်လိုက် သောအခါ အလွန်နာကျင်သည်။

သူမ ချက်ချင်းပင်ဝတ်လိုက်သော ဒိုင်းကာမှာလည်း ပျက်စီးသွားကာ တည်ဆောက်မှုဆောက်ရန် အား ပင် မရှိတော့ပေ။ သူမသည် ဖက်တီးကျူး တစ်ခါကပေးဖူးသော သံချပ်ကာနှင့် လျှပ်စီးလက်နက်ကို သုံးရန်အပြင် ရွေးချယ်စရာမရှိခဲ့ပေ။ သူမသည် ခါတိုင်းလိုဝတ်ဆင်လိုက်သည်။

မိုးကြိုးအချိန်များစွာ အပစ်ခံရပြီးနောက်တွင် သူမသည် အဓိကအချက် ကိုနားလည်သွားသည်။ ဒီအဆင့် သည် မဆိုးလှပေ။ အများစုကြုံခဲ့ရသည်မှာ သူမသည် သေလုနီးပါးဖြစ်သည်။ သူမ အသက်ရှင်ရန်အတွက် ပြန်ကောင်း ရန်လုပ်ခဲ့ရသည်။

ထို့အပြင် ထိုဘေးသင့်မှုသည် သူမစကားအား နားထောင်သည့် အတိုင်းပင်... ဒုတိယအချက်မှာ မကြာမြင့်ပဲ သူမကိုအသက်ရှူချိန်ပေးသည်။ ထို့အပြင် တိမ်တိုက်သည် ပျောက်ကွယ်တော့မည့်ပုံပင်။

ရှီမာယူယူသည် အံ့သြစွာဖြင့် မျက်တောင်ခတ်လိုက်သည်။ သူမသည် ဘေးသင့်တိမ်တိုက်ကို မယုံကြည် စွာကြည့်လိုက်သည်။ ဒီလူက သူမပြော တာကို နားလည်သွားတာလား။

သို့သော် ပစ်ခတ်မှုကျတော့ရန်လိုနေသေးသဖြင့် သူမ ဆေး၂လုံး သောက်ရန် အခွင့်အရေးရလိုက်သည်။

"ရှမ်း..."

ဒုတိယပစ်ခတ်မှု ကျရောက်လာကာ သူမကိုလျှပ်စီးသွားသည်။

ထို့နောက်တွင် ဘေးသင့်မှုတိမ်တိုက်သည် လှုပ်ခါသွားကာ အောင်နိုင် သူ စစ်သားများကဲ့သို့ ထွက်ခွာ သွားလေသည်။

ဘေးသင့်မှုတိမ်တိုက် ထွက်ခွာသွားသည်နှင့် ဂုလာလီသည် ကျွန်းပေါ် သို့ ပျံလာသည်။ သူမသည် ထို အဖြစ်အပျက်အားကြုံတွေ့ခဲ့ရသည်ကို မြင်သော်လည်း သူမ တိမ်တိုက်အားပြောခဲ့သည့်စကားကို ပြန်တွေး လိုက်သောအခါ သူ မရယ်မိအောင် ထိန်းထားရသည်။

ရှီမာယူယူသည် လောင်ကျွမ်းမှုဖြင့် ပြည့်နေသည်။ သူမ အစောပိုင်း ကစားလိုက်သော ဆေးကြောင့်ပင် အတွင်းပိုင်းအင်္ဂါများ မပျက်စီးသည်မှာ တော်သေးသည်။ သူမသည် ဂုလာလီ၏ အကြည့်ကိုမြင်သောအခါ ပြုံးပြ လိုက်သော်လည်း ဘာမှမလုပ်နိုင်ပေ။ သူမသည် မျက်ဖြူသာလှန်နိုင် တော့သည်။

"လှုပ်လို့ရသေးလား" ဂူလာလီ မေးလိုက်သည် "ရတယ်ဆိုရင် တစ်ခါ မျက်တောင်ခတ်ပြ မရရင် ၂ခါ ခတ်"

ရှီမာယူယူသည် ချက်ချင်းပင် ၂ခါခတ်ပြလိုက်သည်။

"ကျွန်တော် ပြန်ခေါ်သွားပေးရမလား"

မျက်တောင်၂ခါ ခတ်ပြသည်။

"ကျွန်တော် မရွှေ့ပေးရဘူးလား"

မျက်တောင်ထပ်ခတ်ပြန်သည်။

"ကောင်းပါပြီ ဒါဆို ဒီမှာပဲဆက်လှဲနေပါ" ဂူလာလီ ပြောလိုက်သည်။

သူ သူမကို မရွှေ့တော့ဘူးဟု တွေ့သောအခါ ရှီမာယူယူ စိတ်အေးသွားသည်။ သူမသည် လျှပ်စီးစွမ်း အင်ကို သူမ ဝမ်းဗိုက်အတွင်း သိမ်းနေချိန်တွင် ဂူလာလီသည် သူမအား ဘေးမှ စောင့်ကြည့်နေခဲ့သည်။

သူမ အားလုံးကိုစုပ်ယူပြီးသောအခါ လှုပ်ရှားနိုင်လာသည်။ တိမ်တိုက်မည်းဆီမှလာသော စူးရှသော နာကျင်မှုလည်း ပျောက်ကွယ်သွားသည်။ သူမသည် ခြောက်သွေ့ကာလောင်ကျွမ်းနေသော အသားအရည်ကို ကြည့်ပြီး သူမ၏ အံ့ဖွယ်နတ်ဆိုးခန္ဓာကိုယ်ကို တန်ဖိုးထားရန် မဖြစ်နိုင်တော့ပေ။ သူမသည် အနာရွတ်မကျန်စေ ရန် အားစိုက်ထုတ်မှုကို မဖြုန်းတီးတော့ပေ။

ရှီမာယူယူ ပြန်ကောင်းလာလုနီးပါးဖြစ်သည်ကို မြင်သောအခါ ဂူလာလီသည် အံ့သြသွားလေသည်။ နတ်ဆိုးမိစ္ဆာများသည် နလန်ထူနိုင်သော စွမ်းရည်ကောင်းမွန်လျှင်တောင် သူမလောက် ဟုတ်မည်မထင်ပေ။

"သွားရအောင် ကျွန်တော်တို့ပြန်ကြမယ်" ရှီမာယူယူ ပြောလိုက်သည်။

ဂူလာလီသည် သူ၏ မူလပုံစံသို့ပြောင်းပြီး သူမကို ခရမ်းရောင်ရေမျိုးနွယ်သို့ပြန်ခေါ်သွားသည်။

"နောက်ဆုံးတော့ပြန်လာပြီပဲ" ဂူလာလူသည် သူတို့အားမြင်သောအခါ သူတို့ရှေ့သို့ရောက်လာသည်။ "ခမည်းတော်က ခဏခဏမေးနေတာ၊ မင်းတို့ထပ်ကြာနေရင် ရှာဖို့လူလွှတ်တော့မလို့"

"ရှီမာယူယူက မိုးကြိုးကြောင့်ဒဏ်ရာရသွားတော့ ကုသဖို့ပ ၂ရက်လောက်လိုသေးတယ်လေ" ဂူလာလီ ရှင်းပြသည် "ခမည်းတော် ဘယ်မှာလဲ"

"မယ်မယ်နဲ့ရှိတယ် ငါတို့မြန်မြန်သွားရအောင်"

ရှီမာယူယူသည် ဘေးဘက်ရှိ နန်းဆောင်သို့လာလိုက်သည်။ သူမသည် ထိုနေရာတွင် နေထိုင်သည်မှာ ၃လရှိပြီဖြစ်သဖြင့် နေသားကျနေပြီဖြစ်သည်။ သူမ နန်းဆောင်သို့ဝင်သွားသည်နှင့် အံ့ဖွယ်တောင်ကြားသခင်နှင့် ရင်ဘိုင်ချွန်းတို့သည် ခရမ်းရောင်ရေဘုရင်နှင့် စကားပြောနေသည်ကို တွေ့လိုက်ရသည်။

"ယူယူ ပြန်လာပြီလား ဆေးဖော်လို့ပြီးပြီလို့ကြားတယ်" ဂူလာမိုင်သည် သူမအား စိတ်စောသည့်အကြည့် နှင့် ကြည့်လေသည်။

သူသည် အစပိုင်းတွင် သူမအား မယုံကြည်ခဲ့ပေ။ သို့သော် ၃လအတွင်း ကုသရာတွင် ဖိဖုရားကြီးသည် နိုးမလာသေးသော်လည်း အသိစိတ်ပြန်ဝင်လာသည်။

**အခန်း (၁၂)**

**အပိုင်း (၆၁၄) – မိဖုရားကြီးနိုးထလာခြင်း**

ရှီမာယူယူသည် ဂူလာမိုင်နှင့် တွေ့ဆုံပြီးနောက်တွင် မိဖုရားကြီးရှိရာ ဘေးဘက်နန်းတော်ကိုလာလိုက်သည်။ ဂူလာမိုင်၊ ဂူလာလီနှင့် ညီဖြစ်သူတို့ လည်း လိုက်လာသည်။ အဲ့ဖွယ်တောင်ကြားသခင်နှင့် ရင်ဘိုင်ချွန်းတို့ သည် နန်းတော်အပြင်ဘက်တွင် စောင့်နေကြသည်။

ရှီမာယူယူသည် မိဖုရားကြီးဘေးသို့လာပြီး ဆေးတိုက်လိုက်သည်။ ထို့နောက်တွင် သူမသည် ဝိဉာဉ် အရည်ကိုထုတ်ပြီး သူမကို ၂စက်တိုက် လိုက်သည်။ ထို့နောက်တွင် သူမသည် ရွှေမြွေအသီးမှ အဆီအနှစ်များ ထုတ်ပြီး တိုက်သည်။

နာရီဝက်အကြာတွင် ခရမ်းရောင်ရေမိဖုရားကြီး၏ ပိတ်နေသော မျက်လုံးများသည် လှုပ်ရှားလာသည်။ ထိုသည်မှာ သူမ မျက်လုံးများ ပြန်ပြီး လှည့်နိုင်လာသည်ကို ပြသနေသည်။

"ရှင်းမန် ရှင်းမန်" ဂူလာမိုင်သည် သူမ တုံ့ပြန်မှုကိုမြင်သောအခါ သူမ နာမည်ကို ဝမ်းသာစွာ အော်လေ သည်။

အိပ်ရာပေါ်တွင် လှဲလျောင်းနေသော သူမသည် အသိစိတ်ပြန်ဝင်လာ သော်လည်း သူမအကြည့်များ သည် စူးစိုက်မှုရှိမနေပေ။

"ရှင်းမန် နိုးလာပြီလား" ဂူလာမိုင်သည် နှစ်ပေါင်းများစွာ သတိမေ့ နေရာမှ နိုးထလာသော ဇနီးဖြစ်သူ အားမြင်သောအခါ မျက်ရည်များ စီးကျလာသည်။

"ဘုရင်ကြီး..." ခရမ်းရောင်ရေမိဖုရားကြီးသည် ရင်းနှီးသောအသံကို ကြားသောအခါ ချက်ချင်းပင် သူ့အား ကြည့်လိုက်သည်။ သူမ မျက်လုံးများ သည် အာရုံစိုက်လာကာ ပိုပြီး သက်ဝင်လာသည်။

"မယ်မယ်" ဂူလာလီနှင့် ဂူလာလူတို့လည်း ပြေးလာကြသည်။ သူမ မျက်လုံးအတွင်းမှ အချစ်များကို မြင် သောအခါ ထိုနှစ်အတွင်း ပေးဆပ်ခဲ့ ရသည်မှာ တန်သည်ဟု တွေးမိကြသည်။

"လီလေး လူလေး..." ခရမ်းရောင်ရေမိဖုရားကြီးသည် လက်ဆန့် ထုတ်ပြီး သူတို့အား ထိတွေ့ချင်သော် လည်း သူမ ခန္ဓာကိုယ်အား မထိန်းချုပ် နိုင်သည်ကို သိလိုက်ရသည်။

"မိဖုရားကြီး မိဖုရားကြီးက သတိပြန်ဝင်လာပေမယ့် အားနည်း နေသေးတယ်၊ သူမကို စကားမပြောခိုင်း ပါနဲ့ဦး၊ ပြီးတော့ သူမကိုမလှုပ်ရှား စေနဲ့ဦး" ရှီမာယူယူ ညွှန်ကြားလေသည် "မိဖုရားကြီးက နှစ်တွေအများကြီး သတိမေ့နေပြီး အခုမှသတိပြန်ရတာပါ ခဏတော့ ခန္ဓာကိုယ်ကိုထိန်းချုပ်ဖို့ ခက်ဦးမယ်၊ ဒါက ဖြစ်နေကျပါပဲ၊ နားလိုက်ရင် အဆင်ပြေသွားမှာပါ"

ခရမ်းရောင်ရေမိဖုရားကြီးသည် ရှီမာယူယူအား ကြည့်ပြီး ပြုံးကာ ပြောလေသည် "မင်းက ငါ့ကိုကုပေးတဲ့ ကလေးမလား ငါမင်းအသံကို မှတ်မိ တယ်"

"မယ်မယ် သားတို့ပြောတာကိုကြားတယ်ပေါ့" ဂူလာလူသည် အံ့သြစွာ မေးလေသည်။

"အင်း" ခရမ်းရောင်ရေမိဖုရားကြီးသည် ဖျော့တော့စွာပြုံးပြီး ပြောလေ သည် "ငါ ဒဏ်ရာရပြီးတော့ ဘာတွေဖြစ်ခဲ့လဲဆိုတာတော့ မမှတ်မိတော့ဘူး၊

ဒါပေမဲ့ ငါတစ်ချိန်လုံး အမှောင်ထဲမှာရှိနေခဲ့တယ်၊ တစ်ရက်တော့ စူးစူးရှရှ နာကျင်ပြီး အပြင်ကအသံတွေကြားရလာတယ်၊ မင်းတို့ ပြောတာတွေကို နားထောင်ခဲ့တယ်၊ မင်း ငါ့ကို အပ်စိုက်ပြီးတာနဲ့ ကြားရမယ်လို့ ပြောခဲ့တယ်၊ နောက်တော့ မင်းစကားပြောတာကို အသားကျလာတာပဲ၊ ငါ့ကို ကယ်ပေးတဲ့အတွက် ကျေးဇူးပဲ"

"ကြင်နာလွန်းနေပါပြီ" ရှီမာယူယူ ပြောလိုက်သည် "မိဖုရားကြီးလို လှတဲ့လူကိုကယ်ရတာက ကျွန်တော့် အတွက် ဂုဏ်ယူစရာပါ ကျွန်တော်အခု စစ်ကြည့်မယ်နော်"

"မင်းကို ဒုက္ခပေးရတော့မှာပဲ" ခရမ်းရောင်ရေမိဖုရားကြီးပြောလေသည်။

ရှီမာယူယူသည် လျှောက်လာကာ သူမ လက်ကိုကိုင်ပြီး စမ်းသပ်ပြီးနောက် ပြောလိုက်သည် "အရင်က ထက်တော့ ကောင်းလာပါတယ် နောက်ကို ကျွန်တော် ဆေးဖော်ပေးပါမယ် နောက်ထပ် အပ်စိုက်တာ နည်းနည်း လောက်လုပ်လိုက်ရင် အဆင်ပြေသွားမှာပါ"

"ကျေးဇူးပဲ မိတ်ဆွေလေးယူယူ မင်းလိုတာရှိရင် သူတို့ယောက်ကိုသာ တိုက်ရိုက်ပြောလိုက်ပါ" ဝူလာမိုင်သည် ရှင်းမန်၏ လက်ကိုကိုင်ရင်း ပြောလေသည်။

"ပြောပါမယ်" ရှီမာယူယူသည်လည်း သူမအား ကုသပေးရသည့်အတွက် ပျော်ရွှင်မိသည် "နားကြပါ ကျွန်တော်မနှောင့်ယှက်တော့ပါဘူး သတိထားပါ မိဖုရားကြီးကို မောပန်းအောင်မလုပ်ပါနဲ့"

"ကျွန်တော် ခင်ဗျားကိုလိုက်ပို့ပေးမယ်" ဝူလာလီ ပြောလေသည်။

"ကျွန်တော်လည်း ရှင်းစရာကိစ္စလေးတွေရှိသေးတယ် မယ်မယ် နောက်မှပဲပြန်လာတော့မယ်" ဂူလာလူ ပြောလေသည်။

ညီအစ်ကို ၂ယောက်သည် နားလည်မှုရှိစွာဖြင့် သူတို့နှစ်ယောက်အား ထားခဲ့လေသည်။

သူတို့ထွက်သွားသောအခါ အပြင်တွင် စိုးရိမ်စွာစောင့်နေကြသော လူနှစ်ယောက်ကိုတွေ့ရလေသည်။

"ဦးလေး စီနီယာရင်"

"ဘယ်လိုလဲ"

"မိဖုရားကြီးက သတိပြန်ရလာပြီ ကျွန်တော် နောက်ပိုင်း ကုသစရာရှိတာပဲလုပ်ပေးရင်ရပြီ" ရှီမာယူယူ ပြောလိုက်သည်။

"မင်းတကယ်ပဲ မိဖုရားကြီးကိုကုပေးလိုက်တာလား" သူမ အဖြေမှာ မျှော်လင့်ထားသည့်အတိုင်းဖြစ် သော်လည်း အံ့ဖွယ်တောင်ကြားသခင်သည် မယုံနိုင်သေးပေ။ "မင်းဆရာသာသိရင် ဝမ်းသာမှာပဲ၊ သူက နှစ်တွေကြာတာတောင် မိဖုရားကြီးကိုကုဖို့ နည်းလမ်းရှာတာကို လက်မလျှော့ခဲ့ဘူး"

"မင်းက မိဖုရားကြီးကိုကုပြီးပြီဆိုတော့ ဘယ်တော့ပြန်ဖို့ စီစဉ်ထားလဲ" ရင်ဘိုင်ချွန်းမေးလေသည်။

"ကျွန်တော် ဖြစ်နိုင်သလောက် မြန်မြန်ပြန်တာကကောင်းတာပေါ့" ရှီမာယူယူ ပြောလေသည် "ကျွန်တော် ညီကိစ္စကိုမရှင်းရသေးဘူး၊ ပြီးတော့ အတွင်းဂိုဏ်းကိုလည်း သတင်းပို့ရဦးမယ်၊ မိဖုရားကြီး အခြေ အနေငြိမ်သွားပြီဆိုတာနဲ့ ကျွန်တော်တို့ ပြန်ကြမယ်လေ"

"ကောင်းတယ်" အံ့ဖွယ်တောင်ကြားသခင် ပြောလိုက်သည် "မင်းသား ကျွန်တော်တို့ ယူယူနဲ့ ပြောချင် တာလေးတွေရှိလို့ မင်းသား..."

"ရပါတယ် သွားကြပါ ကျွန်တော်လည်း ညီလေးနဲ့ ဆွေးနွေးဇာရာ တွေရှိနေတာ နန်းတော်ကိုသွားလိုက် ပါဦးမယ်" ဝူလာလီ ပြောလေသည်။

ဝူလာလီနှင့် ဝူလာလူတို့ထွက်သွားရာ အံ့ဖွယ်တောင်ကြားသခင်၏ အမူအရာသည် လေးနက်သွားကာ "ယူယူ မင်း အတွင်းဂိုဏ်း ကိုသွား ချင်တာက ကမ္ဘာကြီးမျက်လုံးကိုယူချင်လို့ဆို ဟော်လန်ကပြော တယ်"

"ဆရာဟော်ကလား" ဟော်လန် သူတို့ကိုပြောလိမ့်မည်ဟု ရှီမာယူယူ ထင်မထားပေ။

"ဟော်လန်က အံ့ဖွယ်နတ်ဆိုးတောင်ကြားကပဲ" အံ့ဖွယ်တောင်ကြား သခင်ရှင်းပြလေသည်။

"ဟုတ်လား" သူမသည်လည်း အံ့ဖွယ်နတ်ဆိုးတောင်ကြားမှလူဖြစ် သဖြင့် သူမ၏ သရုပ်မှန်ကို သူ သိနေမည်။ သူ အံ့ဖွယ်နတ်ဆိုး တောင်ကြားကို သတင်းပို့သည်မှာ မထူးဆန်းပေ။

"ဟုတ်ပါတယ် ကျွန်တော် ကမ္ဘာမြေကြီးမျက်လုံးလိုချင်လို့ပါ" ရှီမာယူယူ ပြောလိုက်သည် "ဆရာဟော်က အကြောင်းအရင်းကိုလည်း ရှင်းပြမယ်လို့ ထင်ပါတယ်၊ ကျွန်တော်က ညီလေးအတွက် ကမ္ဘာကြီးမျက်လုံးလို တာပါ"

"ယူယူ ကမ္ဘာကြီးမျက်လုံးက အတွင်းဂိုဏ်းက ရတနာဆိုတာ သိတယ် မလား" ရင်ဘိုင်ချွန်းပြောလိုက် သည်။

"သိပါတယ် ကမ္ဘာမြေကြီးမျက်လုံးက ရဖို့မလွယ်ဘူးဆိုတာလည်း သိပါ တယ်၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ရအောင် ကြိုးစားကြည့်မှာပဲ"

ရှီမာယူယူ ပြောလိုက်သည် "ပြီးတော့ ကမ္ဘာမြေကြီးရဲ့မျက်လုံးက ကြီးတယ်လို့ကြားတယ် ကျွန်တော်က သေးသေးလေးပဲလိုတာပါ"

"ကမ္ဘာမြေကြီးမျက်လုံးက ရတနာဖြစ်တဲ့အတွက် လုံခြုံရေးကလည်း အရမ်းတင်းကြပ်တယ်၊ အရမ်း အန္တရာယ်များနိုင်တယ်၊ ငါတို့အခုချိန်ထိ သိသလောက်ကတော့ အဲဒါကိုရဖို့ ကြိုးစားတဲ့လူမှန်သမျှ ပြန်မလာနိုင် ဘူး" အံ့ဖွယ်တောင်ကြားသခင် ပြောလေသည်။

"ကျွန်တော် ရကိုရရမယ်လို့မဟုတ်ပါဘူး နှစ်တချို့အချိန်ရပါသေးတယ် တခြားနည်းလမ်းရှိမယ်လို့ ထင်ပါတယ်" ရှီမာယူယူ ပြောလိုက်သည် "စီနီယာရင်လည်း ကောင်းကင်ဂိုဏ်းမှာတက်ဖူးလား"

"ငါလည်း ကောင်းကင်ဂိုဏ်းကကျောင်းပြီးတာပဲ" ရင်ဘိုင်ချွန်း ပြောလိုက်သည် "ဒါပေမဲ့ ငါအဲမှာ ကြာကြာတော့ မနေခဲ့ဘူး၊ နောက်တော့ ငါ အံ့ဖွယ်နတ်ဆိုးတောင်ကြားကိုဝင်ခဲ့တာပဲ"

"ဒါဆို အစ်ကိုက တားမြစ်နယ်မြေကလွဲပြီး ကမ္ဘာမြေကြီးမျက်လုံး ဘယ်မှာရှိလဲဆိုတာ သိမှာပဲ"

"ကမ္ဘာမြေကြီးမျက်လုံးက တားမြစ်နယ်မြေမှာမရှိဘူးလား" ရင်ဘိုင်ချွန်း သည် အံ့အားသင့်စွာ မေးလေ သည်။

"အရင်က အဲဒီကိုသွားဖူးတဲ့လူကပြောတယ် မမြင်ခဲ့ဘူးတဲ့၊ အဲဒါကြောင့် ကမ္ဘာမြေကြီးမျက်လံးက အဲဒီ မှာမရှိဘူးလို့ မှန်းကြတယ်" ရှီမာယူယူ ပြောလိုက်သည်။

"ဒါဆို ငါလည်းမသိဘူး" ရင်ဘိုင်ချွန်းသည် ပြန်ဖြေလေသည် "ငါတို့အတွင်းဂိုဏ်းမှာရှိတုန်းက ကမ္ဘာမြေကြီးမျက်လုံး သတင်းထွက်မလာဘူး၊ ငါလည်းမသိဘူး အဲပစ္စည်းကိုအရင်က သတိမထားမိဘူး"

"ငါတို့ အဲအဘိုးကြီးပြန်လာတာကိုစောင့်ပြီးမေးကြတာပေါ့၊ သူမင်းကို နည်းနည်းလောက်ပေးနိုင်မလားလို့လေ" အံ့ဖွယ်တောင်ကြားသခင် ပြောလေသည်။

"ဦးလေးပြောတဲ့ အဘိုးကြီးကဘယ်သူလဲ" ရှီမာယူယူ မေးလိုက်သည်။ အဘိုးမိုသည် ထိုအဘိုးကြီးကို မေးမည်ဟု တစ်ခါပြောဖူးသည်။ အခုဦးလေးသည်လည်း သူ့ကိုရည်ညွှန်းပြန်သည်။ သူဆိုသည်မှာ မည်သူ ဖြစ်နိုင်ချေရှိသည်ကို သူမသိချင်မိသည်။

"ဂိုဏ်းရဲ့ ကျောင်းအုပ်ကြီး ယွမ်ထျန်ဟီပဲ"

"ကျောင်းအုပ်ကြီးလား သူက အပြင်ဘက်မှာပဲရှိတာဆို ပြန်မလာတာကြာပြီတဲ့" ရှီမာယူယူ ပြောလိုက် သည်။

"လာတော့မှာ သူမကြာခင်ပြန်လာမယ်လို့ ထင်တယ်"

"ဦးလေး အဲဒါကိုဘယ်လိုသိတာလဲ"

အံ့ဖွယ်တောင်ကြားသခင်သည် ပြုံးပြီး သူမပခုံးကိုပုတ်ကာ "နှစ်ထောင်းလောက်မှ ပေါ်လာတတ်တဲ့ ကောင်းကင်လှေကားကို တက်နိုင်တဲ့ လူတစ်ယောက်ရှိတယ်ဆိုတာ သတင်းထွက်လာတယ်၊ အဲဒါက သူပြန်လာဖို့အကြောင်းလုံလောက်နေတာပဲ၊ ဒီသတင်းကိုဒုကျောင်းအုပ်က သူ့ကိုပြောပြီးလောက်ပြီလို့ ထင်တယ်၊ သူ ပြန်လာတာနဲ့ ကိစ္စတစ်ခုကိုရှင်းမယ် ထင်တယ်၊ ဒါပေမဲ့ သူ ဘယ်လောက်အားကောင်းတယ်ဆိုတာကို အခြေခံပြီး

သူလုပ်စရာရှိတယ်ဆိုရင်တောင် ပြီးအောင်လုပ်မှာပဲ အဲဒါကြောင့် သူပြန်လာတော့မယ်ဆိုတာ ငါပြောနိုင်တာ”

**အခန်း (၁၃)**

**အပိုင်း (၆၁၅) – ဆွေမျိုးများအဖြစ်အသိအမှတ်ပြုခြင်း**

“ဦးလေးက ဆရာနဲ့ ကျောင်းအုပ်ကြီးယွမ်နဲ့ ဆက်ဆံရေးကောင်းတာလား” ရှီမာယူယူ မေးလိုက်သည်။

“ဟုတ်တယ် ငါတို့ငယ်ငယ်တုန်းက မင်းတို့သူငယ်ချင်းတွေလိုပဲ ဒါပေမဲ့ နောက်ထပ် ဆက်ဆံတစ်မျိုးရှိ သေးတယ်၊ ငါတို့က ဂိုဏ်းအတူတူပဲ နောက်တော့ ငါက အံ့ဖွယ်နတ်ဆိုးတောင်ကြားက အံ့ဖွယ်တောင်ကြား သခင်ဖြစ်လာတယ် သူကတော့ ဂိုဏ်းရဲ့ ကျောင်းအုပ်ကြီးပေ့ါ၊ ဒါနဲ့ စကားမစပ် ငါတို့က သူ့ကိုဦးလေးလို့ ခေါ် တယ်” အံ့ဖွယ်တောင်ကြားသခင်ပြောလေသည်။

“ဒါဆို သူက ကျွန်တော့်ဦးကြီးပေ့ါ” ရှီမာယူယူသည် မျက်လုံးပြူးလာသည်။ ကျောင်းအုပ်ကြီးသည် သူမ ၏ ဦးကြီးဖြစ်နေသည်။ သူမသည် ကျောထောက်နောက်ခံဖြင့် ဝင်ရန်ဖြစ်နိုင်မလားကို သိချင်မိသည်။

အံ့ဖွယ်တောင်ကြားသခင်သည် ခေါင်းရမ်းကာ “အဲလူက ကျောင်းအုပ်ကြီးရာထူးယူပြီးကတည်းက ဂိုဏ်း ကနေထွက်သွားတာပဲ”

အရင်ကျောင်းအုပ်ကြီးများသည်လည်း အင်အားကြီးများနှင့်ပတ်သတ်မှု မရှိပေ။ ထိုသည်မှာ လက်ဆင့် ကမ်းလာခဲ့သော အမူအကျင့်ပင်ဖြစ်သည်။ ထိုမှသာ ဂိုဏ်းသည် အင်အားကြီးများ၏ လက်ပါးစေအဖြစ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။

သို့သော် သူတို့သည် သူတို့ကြားမှ ဆက်ဆံရေးကို မတားနိုင်ပေ။ အဘိုးနတ်ဆိုး၊ အံ့ဖွယ်တောင်ကြား သခင်နှင့် ယွမ်ဟီထျန်တို့သည် ဂိုဏ်း အတွင်းမရှိကြတော့သော်လည်း သူတို့၏ဆက်ဆံရေးမှာ ကောင်းမွန်ကြ သည်။

ထို့နောက်တွင် ရှီမာယူယူသည် ယွမ်ဟီထျန်၏ အခြေအနေ၊ နှစ်သက်မှု များ အမူအကျင့်များကို နားလည်လိုက်ရသည်။

"ဦးလေး ဆရာကတောင်ကြားမှာမရှိဘူးလား" ရှီမာယူယူ မေးလိုက် သည်။

"ပြီးခဲ့တဲ့တစ်ခေါက် သူ သွေးလွှမ်းဂူကနေပြန်လာပြီးတော့ ခရီးရှည် တစ်ခုသွားစရာရှိတယ်ဆိုပြီး ထွက် သွားတာပဲ" အံ့ဖွယ်တောင်ကြားသခင် ပြန်ဖြေလေသည် "သူ့ကိုပြေးသွားအောင် မင်းဘာတွေပြောလိုက်လဲဆို တာမေးချင်နေတာ"

"ကျွန်တော် သူ့ကို အဒေါ်ဖန်အကြောင်းမေးလိုက်တာ" ရှီမာယူယူ ပြောလိုက်သည်။

"အဒေါ်ဖန်ဟုတ်လား ဖန်ရှုယန်ကိုပြောတာလား" အံ့ဖွယ်တောင်ကြား သခင်သည် အံ့ဩစွာ မေးလေ သည်။

"ဦးလေးကရော အဒေါ်ဖန်အကြောင်းသိလား"

အံ့ဖွယ်တောင်ကြားသခင်သည် ခေါင်းရမ်းလေသည် "မင်းဆရာ ငယ်ငယ်တုန်းက သူ့ကို ကူညီခဲ့ဖူးတဲ့ အမျိုးသမီးတစ်ယောက်နဲ့တွေ့ဖူး တယ်လို့တော့ ပြောတာကြားတယ်၊ သူမက သူ့အတွက် အရေးပါတဲ့လူတစ် ယောက်ပဲ အဲဒါပြီးတော့ သူမနဲ့ထပ်မတွေ့တော့တာပဲ၊ ဒါပေမဲ့ သူက

လက်မလွှတ်နိုင်သေးဘူး၊ ယူယူ သူမကို ဘယ်လိုသိတာလဲ၊ သူမနဲ့ အထူးတလည်ဆက်ဆံရေးလည်းဖြစ်နေတယ်”

“အဒေါ်ဖန်ရဲ့ ခန္ဓာကိုယ်က အခြေအနေသိပ်မကောင်းဘူး ကျွန်တော် သူမကိုကုဖူးတယ်” ရှီမာယူယူ သည် အခြေအနေကိုရိုးရှင်းစွာပင်ပြန် ဖြေလေသည်။

“သူမက ငယ်ငယ်ကတည်းက အဲလိုပဲဆိုတာ မင်းဆရာပြောတာ ကြားဖူးတယ်၊ နှစ်တွေအများကြီးကြာပြီး အခုချိန်ထိတောင်ဒီလို ဖြစ် နေမယ်လို့ ထင်မထားဘူး” အံ့ဖွယ်တောင်ကြားသခင်သည် မှတ်ချက်ပေး လေ သည်။

“ဦးလေးပြောသလိုဆို ဆရာကလည်း အဒေါ်ဖန်ရဲ့ သရုပ်မှန်ကို မသိဘူးပေါ့၊ သူမကို ဘယ်သွားရှာတာ လဲ၊ ဂျွန်ချောင်းက အဒေါ်ဖန်ရဲ့ နေရာကို ပြောပြပါ့မလားမသေချာဘူး” ရှီမာယူယူသည် အဘိုးနတ်ဆိုးကို စိတ်ပူ မိလေသည်။

“ဖြစ်နိုင်မယ်မထင်ဘူး” အံ့ဖွယ်တောင်ကြားသခင်ပြောလေသည် “တစ်ဖက်လူဆီက ဘာအကြောင်းမှ မသိရဘူးဆိုတာ သူတို့က အရမ်း လျှို့ဝှက်လို့ပဲ၊ ပြီးတော့ ငါအစိုးရိမ်ဆုံးက သူသတင်းတွေကိုသိနေတယ်”

“ဘာလို့လဲ” ရင်ဘိုင်ချွမ်းမေးလေသည်။

“ယူယူ ပြောသလိုဆိုရင် ဖန်ယူရန်ရဲ့ အားကအရမ်းမြင့်တယ် ဒီကငါတို့ဆီမှာမရှိတတ်တဲ့အားမျိုးပဲ၊ မင်း ဦးလေးက တစ်ယောက်တည်းသူမ ကိုသွားရှာမယ်ဆိုရင် သူအန္တရာယ်ဖြစ်မှာစိုးတယ်” အံ့ဖွယ်တောင်ကြားသခင် ပြောလေသည်။

"ဆရာနဲ့ ဆက်သွယ်လို့ရလား"

"ပြီးခဲ့တဲ့တစ်ခေါက်က သူငါ့ဆီကို သတင်းပို့တယ်၊ သူ့ကိုမစိုးရိမ်ပါနဲ့တဲ့၊ ဒါပေမဲ့ ငါသတင်းပြန်ပို့တော့ ဘာမှပြန်ပြောမလာဘူး" အဒ့်ဖွယ်တောင်ကြား သခင်ပြောလေသည် "မင်းကအခု ရွှမ်းယွမ်ဆိုင်နဲ့ အထူးတလည် ဆက်ဆံရေးဖြစ်နေပြီပဲ မင်းတတ်နိုင်ရင် ဖန်ရှုယန်ရဲ့ သရုပ်မှန်ကိုမေးကြည့်ပေါ့ အဲလိုဆိုရင် သူ့ကိုရှာဖို့နေရာ တွေ့လာနိုင်တယ်"

"ကောင်းပါပြီ" ရှီမာယူယူသည် ခေါင်းညိမ့်ပြီးပြန်ဖြေလေသည်။

နောက်ရက်များတွင် ရှီမာယူယူသည် မိဖုရားကြီးကို သွားကုသလေသည်။ သူမ၏ ခရမ်းရောင်ရေမျိုးနွယ် သည် နဂါးသွေးသားဖြစ်ခြင်းကြောင့် ဖြစ်မည်။ သူမ ခန္ဓာကိုယ် သွေးလည်ပတ်သည်နှင့် လျင်မြန်စွာ နလန်ထူနိုင်လာသည်။

"မိဖုရားကြီး ခန္ဓာကိုယ်က အကုန်ကောင်းလုနီးပါးဖြစ်နေပြီ၊ အားလည်း ပြန်ပွင့်သွားပြီ ထပ်ပြီး ကျင့်ကြံ လို့ရပါပြီ" ရှီမာယူယူသည် ရွှမ်ရှင်းမန်၏ ခန္ဓာကိုယ်အား စမ်းသပ်လေသည်။

"အခုကိုကောင်းနေပါပြီ မင်းသာမရှိရင် ငါကသေလူပါပဲ" ရွှမ်ရှင်းမန် ပြောလေသည် "အားအတွက်က တော့ ငါထင်ထားတာထက် အဆင့် ၂ဆင့်ပိုများလာတယ် ကျေးဇူးပဲကလေး"

ရှီမာယူယူပြုံးပြီး ဂူလာမိုင်ကိုပြောလိုက်သည် "ဘုရင်ကြီး မိဖုရားကြီး ရောဂါက သက်သာလာပြီဆိုတော့ ကျွန်တော်ပြန်တော့မယ်"

"ခဏလေးစောင့်ပါ မင်းအတွက်လက်ဆောင်ရှိတယ်" ဂူလာမိုသည် ရှိမာယူယူအား အလွန်ကျေနပ်မိ သည်။ မိဖုရားကြီး၏ တောင်းဆိုမှုနှင့်အတူ သူလည်းအဆင်ပြေသည်ဟုထင်သည်။

"ဘုရင်ကြီးကယဉ်ကျေးလွန်းနေပါပြီ ကျွန်တော်က မင်းသားနဲ့ သဘော တူညီချက်လုပ်ထားလို့ မိဖုရား ကြီးကိုလာကုပေးတာပါ၊ သူက ကျွန်တော့် ကိုပင်လယ်သခွားပေးလို့ ကျွန်တော်ကမိဖုရားကြီးကိုကုပေးတာပါ ဘယ်လို လုပ် တခြားပစ္စည်းတွေလက်ခံရမှာလဲ" ရှိမာယူယူသည် လက်ရမ်းပြလေ သည်။

သူမသည် ပစ္စည်းများစုဆောင်းရာတွင် တက်မက်မှုရှိသော်လည်း သူတို့သည် သဘောတူညီမှုပြုလုပ် ထားသဖြင့် သူမ လိုက်နာရန်လိုသည်။

ရွှမ်ရှင်းမန်သည် နွေးထွေးစွာပြုံးပြီး "ကလေး မင်းက မိန်းကလေး ဆိုတာသိတယ်၊ ငါက အမြဲတမ်း သမီး လေးလိုချင်နေတာ ဒါပေမဲ့ လီလေးနဲ့ သူ့ညီလေးက ယောကျ်ားလေးတွေလေ၊ သမီးလိုချင်တဲ့ဆန္ဒက ဘယ်တော့ မှာ မပြည့်ခဲ့ဘူး၊ ငါ ဘုရင်ကြီးနဲ့ ဆွေးနွေးပြီးပြီ မင်းကို ငါတို့သမီး အဖြစ်လုပ်ချင်တယ်၊ မင်းရဲ့ ဝိဉာဉ် မိဘ္ဘတွေကို မွေးစား အဖေနဲ့အမေအဖြစ် အသိအမှတ်ပြုနိုင်ရဲ့လား"

မွေးစားအဖေနဲ့ အမေဟုတ်လား။ ရှိမာယူယူသည် မှင်တက်သွားသည်။ သူမသည် ထိုအကြောင်းအား အရင်ကတစ်ခါမှမစဉ်းစားဖူးပေ။ ထို့ကြောင့် ခေတ္တမျှ တုန့်ပြန်မှုမလုပ်နိုင်ပေ။

ရှိမာယူယူ ဆွံ့အသွားသည်ကို ရွှမ်ရှင်းမန် တွေ့လိုက်သည်။ သူမ မျက်နှာပေါ်မှ အပြုံးသည် ရပ်တန့်နေ သည်။ သူမသည် ရှက်ရွံ့စွာပြန်ပြော

လေသည် "အင်းလေ လူသားတွေက မိစ္ဆာမျိုးနွယ်ကို ဘယ်လိုလုပ် ဆွေမျိုးအဖြစ်သတ်မှတ်ချင်မှာလဲ၊ အဲဒါ ငါတို့လောဘပါ မင်း..."

ထိုကဲ့သို့ အမျိုးသမီးကြီးတစ်ယောက် ဝမ်းနည်းသွားသည်ကို ရှီမာယူယူ မမြင်ချင်ပေ။ ရှီမာယူယူသည် သူမ၏ လက်ကိုယူပြီး ပြုံးကာ ပြောလေသည် "မိဖုရားကြီး ကျွန်တော် မလိုချင်တာမဟုတ်ပါဘူး၊ ရုတ်တရက်ကြီး ဖြစ်နေတော့ ပျော်ပြီး ခဏလောက် မတုန့်ပြန်နိုင်ဖြစ်သွားတာပါ၊ ကျွန်တော်ကအခုအချိန်ထိ မိဘတွေကို ရှာမတွေ့သေးပါဘူး၊ ကျွန်တော်လည်း အမေလိုချင်ပါတယ်၊ ကျွန်တော့်ကိုကောင်းကောင်းဆက်ဆံပြီး သမီးအဖြစ် သတ်မှတ်တာကိုက ဂုဏ်ယူစရာကောင်းနေပါပြီ"

"မင်းက ငါတို့မိစ္ဆာမျိုးနွယ်ကိုအထင်မသေးဘူးလား" ရွှမ်ရှင်းမန် မေးလေသည်။

"လူသားနဲ့ မိစ္ဆာမျိုးနွယ်တွေကြားမှာ ဘာကွာလို့လဲ၊ အကုန်လုံး တစ်ကမ္ဘာထဲမှာနေနေကြတာပဲလေ" ရှီမာယူယူ ပြန်ဖြေလေသည်။

ရွှမ်ရှင်းမန်နိုးလာပြီးနောက်တွင် ရှီမာယူယူသည် မကြာခဏ သူမနှင့် စကားပြောလေ့ရှိသည်။ သည်လို နှင့် သူတို့၏ သံယောဇဉ်သည် တစ်နေ့ထက်တစ်နေ့ကြီးမားလာခဲ့သောကြောင့်ပင် သူမ၏ ကမ်းလှမ်းချက်ကို မငြင်းဆန်နိုင်ပေ။

"မယ်မယ် ကျွန်တော်ပြောသလိုပဲ ယူယူက အဲလိုမျိုးတွေ အထင်မသေးတတ်ပါဘူး" ဂူလာလူသည် အပြင်မှ ဝင်လာပြီး ပြောလေသည်။

"ခင်ဗျားကသိပြီးသားလား" ရှီမာယူယူသည် ညီအစ်ကို၂ယောက်ကို ကြည့်လိုက်သည်။

"သိတာပေါ့ ငါတို့က မယ်မယ်ရဲ့ အကြံကိုသိလိုက်တော့ ပျော်သွားတာပဲ" ဂူလာလူသည် အားရပါးရပြုံး ကာ "ငါတို့မှာ လူသားညီမလေး ရှိလာမယ်လို့ ထင်မထားမိဘူး"

"ငါလည်းမထင်ထားဘူးပဲ" ဂူလာလီ ခေါင်းညိမ့်လေသည်။

"ကုန်လေးတို့ရော ပြန်မလာသေးဘူးလား" ဂူလာမိုင် မေးလေသည်။

"မယ်မယ်နိုးလာပြီဆိုတာ သူတို့ကိုပြောပြီးပါပြီ" ဂူလာလူဖြေလေသည် "သူတို့လာနေကြပြီ"

ဂူလာလီတွင် ညီအစ်ကိုများစွာရှိကာ သူတို့သည်မိဖုရားကြီးကို ကုသရန်အတွက် တိုင်းပြည်များသို့ နည်းလမ်းသွားရှာသည်ကို ရှီမာယူယူသိပြီးဖြစ်လေသည်။ သူတို့မိသားစုသည် မိစ္ဆာမျိုးနွယ်များအကြားတွင် ရှားပါးသောဆက်ဆံရေးဖြစ်သည်။

ရွှမ်ရှင်းမန်သည် ရှီမာယူယူ၏ လက်ကိုပုတ်ပြီး "သမီး မြန်မြန်ပြန်ချင်နေတယ်ဆိုတာသိပါတယ်၊ ဒါပေမဲ့ သမီးက အမေတို့မျိုးနွယ်ရဲ့ မင်းသမီးလေးဖြစ်သွားပြီဆိုတာ မျိုးနွယ်ဝင်တွေကိုပြောရဦးမယ်၊ ပြီးတော့ အစ်ကိုတွေကိုလည်းတွေ့ရဦးမယ်၊ အဲတော့ ဒီမှာနည်းနည်းလောက်နေပြီးမှ ပြန်ပါလား"

အခန်း (၁၄)

အပိုင်း (၆၁၆) – သွေးတစ်စက်

ရှီမာယူယူသည် ရွှမ်ရှင်းမန်၏ တောင်းဆိုမှုကိုလက်ခံကာ အနည်းငယ်ထပ်နေပြီး မတွေ့ဖူးသည့် အစ်ကို များကိုတွေ့ရန် ဆုံးဖြတ်လိုက်သည်။

ဂူလာမိုင်သည် ရှီမာယူယူကို မွေးစားသမီးအဖြစ် သတ်မှတ်လိုက်သည်ကို သိသည်နှင့် အံ့ဖွယ် တောင်ကြားသခင်နှင့် ရင်ဘိုင်ချွမ်းတို့သည် ထွက်သွားကြလေသည်။ သူတို့သည် ခရမ်းရောင်ရေမျိုးနွယ်မှ ရှီမာယူယူကို ထိခိုက်အောင်လုပ်မည်စိုးသဖြင့် ကာကွယ်ပေးရန်လာခြင်းဖြစ်သည်။ သူမသည် သူတို့၏ မိသားစု ဝင်ဖြစ်သွားသောအခါ စိုးရိမ်ရန်မလိုတော့ပေ။

ရှီမာယူယူနှင့် ဂူလာလီတို့သည် သူတို့အားရေပေါ်တက်သည်အထိ လိုက်ပါပြီး အံ့ဖွယ်တောင်ကြား သခင် လေဟာပြင်ဖြတ်လမ်းဖွင့်သည်အထိ ကြည့်ပြီးပြန်လာခဲ့ကြသည်။ ပြန်လာသည့်လမ်းတွင် မျိုးနွယ်ဝင်များ သည် သူမကိုမြင်သည်နှင့် အရိုအသေပေးကာ မင်းသမီးဟု တရိုတသေ အမည်တပ်လေသည်။

သူမသည် အစပိုင်းတွင် အသားမကျသေးပေ။ သို့သော် မျိုးနွယ်ဝင်များ သည် ထိုသို့ဆက်တိုက်ခေါ်နေ သဖြင့် ရက်အနည်းငယ်ကြာသောအခါ အသားကျလေသည်။

ဒီနေ့တွင် ဂူလာမိုင်သည် သူမကိုခေါ်လေသည်။

"အဖေ အမေ" သူမ ခန်းမတွင်းဝင်သောအခါ ဂူလာမိုင်နှင့် ရွှမ်ရှင်းမန်တို့ စကားစမြည်ပြောနေသည်ကို တွေ့လိုက်ရလေသည်။ သူမ အရိုအသေပေးကာ ခေါ်လိုက်လေသည်။

ရွှမ်ရှင်းမန်၏ တောင်းဆိုမှုနှင့် သမီးတစ်ယောက်နှင့် ပိုတူစေရန် သူမကို မျိုးနွယ် နယ်မြေအတွင်းတွင် မိန်းကလေးအဝတ်အစားဝတ်ထားလေသည်။

လက်ရှိရက်များတွင် သူမသည် ရှည်လျားသော ဝတ်စုံဝတ်ကာ ဆံပင်ရှည်များကို တစ်ဝက်ချကာ တစ်ဝက်ကို ရိုးရှင်းစွာပင် ထုံးဖွဲ့ထားရာ သဘာဝအတိုင်းလှနေလေသည်။

"ယူယူ လာခဲ့" ရွှမ်ရှင်းမန်သည် ရှီမာယူယူအား လက်ယက် ခေါ်လေသည်။

ရှီမာယူယူ လျှောက်သွားပြီး သူမဘေးတွင်ထိုင်လိုက်သည်။

"ပြီးခဲ့တဲ့ရက်တွေက ဘာလုပ်နေလဲ၊ သမီးကိုမတွေ့မိဘူး" ရွှမ်ရှင်းမန် ပြောလေသည်။

"အမေ ခန္ဓာကိုယ် လုံးဝပြန်ကောင်းအောင် ဆေးဖော်နေတာပါ" ရှီမာယူယူသည် ကျောက်စိမ်းပုလင်း ထုတ်လေသည် "မိစ္ဆာမျိုးနွယ်တွေ သောက်လို့ရတဲ့ဆေးတွေကမများဘူးလေ၊ ရတနာသိုလှောင်ခန်းမှာ ဆေး ဖက်ဝင်ပစ္စည်းတွေအများကြီးရှိနေလို့ တော်သေးတယ်၊ သမီး အမေ့အတွက် အသုံးဝင်တာဖော်ထားတယ်၊ ပြီးတော့ မိစ္ဆာမျိုးနွယ်တွေ သောက်လို့ရတဲ့ သာမန်ဆေးလည်းဖော်ထားတယ်၊ ပုံမှန်ဆိုရင် သမီးရဲ့ စာချုပ်မိစ္ဆာ တွေ ဒဏ်ရာရရင် အဲဆေးတွေပဲစားကြတာ၊ သမီးအဝေးရောက်နေလို့ အမေ ဒဏ်ရာရရင်လည်း စားလို့ရတာပေါ့"

သူမလက်ဝေ့လိုက်သည်နှင့် ကျောက်စိမ်းပုလင်းများသည် သူတို့ရှေ့ တွင်ပေါ်လာလေသည်။

အခုချိန်တွင် သူမသည် အဆင့်တက်လာခဲ့သည်။ အဆင့်၆ဆေး ဖော်ရာတွင်လည်း မြန်လာကာ ဆေး၏ အဆင့်မှာလည်း တက်လာသည်။ ထို့ကြောင့် ဆေးအများအပြားထုတ်လုပ်သော်လည်း အချိန်မယူပေ။

အထူးသဖြင့် သူမ တစ်ယောက်တည်းရှိနေချိန်တွင် ဝိဉာဉ်စေတီ အတွင်းတွင် ဖော်သဖြင့် အချိန်ပေါ်များ သည်။

ဂူလာမိုင်နှင့် ရွှမ်ရှင်းမန်တို့သည် ထိုဆေးများကိုကြည့်ပြီးအလွန်အံ့သြ နေလေသည်။ သူတို့သည် ထိုမျှ လောက်များသော ဆေးများကို မမြင်ဖူးကြပေ။

မိစ္ဆာမျိုးနွယ်များသည် သန်မာသော ခန္ဓာကိုယ်များရှိကာ ပြန်ကောင်း နိုင်မှု စွမ်းအင်မြင့်မားကြသည်။ ကောင်းကင်သည် သူတို့ကို ကြင်နာခဲ့သည်။ သို့သော် မိစ္ဆာများ မည်မျှပင် အားကောင်းပါစေ ဆေးဖော်နည်းများ လက်နက် များ လုပ်ခြင်းများကို သင်သည့်သူမရှိပေ။ ထိုအရာများကို လူသားများသာ လုပ်နိုင်သည်။ ထို့ကြောင့် သူတို့သည် ထိုမျှများသော ဆေးများကိုအရင်က မမြင်ဖူးခဲ့ပေ။

"အဲဒါတွေက အမေတို့စားဖို့လား" ရွှမ်ရှင်းမန်သည် စိတ်လှုပ်ရှားစွာ မေးလေသည်။

"ဟုတ်ပါတယ် မိစ္ဆာတွေနဲ့ လူသားတွေက လိုအပ်တဲ့ဆေးတွေမတူ ပါဘူး၊ အဲဒါတွေက အမေတို့အတွက် အထူးတည်လုပ်ပေးတာပါ" ရှီမာယူယူ ပြန်ဖြေလေသည် "အမေ့ခန္ဓာကိုယ်က သန်မာပေမယ့် ဆေးသောက်တာ က ပိုအထောက်အကူဖြစ်မှာပါ၊ တချို့မျိုးနွယ်တွေက သမီးတို့ကို လောဘတက် နေတယ်လို့ အစ်ကို ၂ပြောတာ ကြားတယ်၊ ဒီဆေးတွေက အထောက်အကူ

ဖြစ်မှာပါ၊ နောက်ကျရင် ထပ်ဖော်ပေးမယ်၊ ပုံမှန်အချိန်မှာ မသုံးလည်း ကိစ္စမရှိပါဘူး လိုအပ်မှသုံးလို့ရပါတယ်”

“သမီးတွေက နွေးထွေးတဲ့အနွေးထည်လိုပဲလို့ တခြားသူတွေပြော တာမှန်တာပဲ ကြည့်လေ မင်းသမီးဖြစ် တာမှမကြာသေးဘူး ကျွန်မတို့အတွက် စဉ်းစားပေးနေပြီ” ရွှမ်ရှင်းမန်သည် ရှီမာယူယူ၏ ဆံပင်ကို မြတ်နိုးစွာ ပွတ် ပြီး ပြောလေသည် “ဒါပေမဲ့ ကိုယ့်ကိုယ်ကို အပင်ပန်းမခံပါနဲ့”

“ဟုတ်ကဲ့ပါ” ရှီမာယူယူ ပြုံးလေသည် “ဟုတ်သားပဲ အဖေ သမီးကိုဘာလို့ခေါ်တာလဲ”

ဆေးများကို သမီးဖြစ်သူမှ ဖော်ပေးသဖြင့် ဂူလာမိုင်သည် ဆေးများကို သိမ်းလိုက်သည်။

“ဟုတ်သားပဲ သမီးယူလာတဲ့ဆေးတွေကို အာရုံရောက်နေတာနဲ့ မေ့တော့မလို့” သူသည် သူ၏ လူသား သမီးလေးကို ပိုပိုပြီးနှစ်သက်လာ သည်။ သူမသည် အမူအကျင့်ယဉ်ကျေးသည်၊ အရည်အချင်းရှိသည်၊ စဉ်းစား နိုင်စွမ်းရှိသည်။ သူ့သမီးသည် တော်လွန်းသဖြင့် နောက်တစ်သမီး တစ်ယောက်ကိုပင်လိုချင်စိတ်ဖြစ်မိသည်။

ရှီမာယူယူသာ သူ့အတွေးကိုသိပါက သူတို့နှင့်တွေ့ခဲ့သည်ကို ဝမ်းသာ ပေမည်။ သူမ အရင်ဘဝက သူမ မိသားစုကို ချေမှုန်းခံရသည့် အတွေ့အကြုံ မရှိပါက သူမ၏ လက်ရှိအမူအကျင့်သည် အရင်ကကဲ့သို့ပင် ရိုင်းကာ ပြေပြစ် မှုရှိမည်မဟုတ်ပေ။ ပြီးခဲ့သည့်အကြောင်းများကို တွေးရင်းနှင့် သူမသည် များစွာပြောင်းလဲခဲ့သည်။ သူမ၏ အမူအကျင့်သည် နူးညံ့စွာပြောင်းလဲပြီး ပိုပြီးနိုင်မြဲလာသည်။

ဂူလာမိုင်သည် သူမရှေ့တွင်ပင် ခရမ်းရောင်နဂါးအဖြစ်ပြောင်းသွားလေသည်။

သူက ကိစ္စရှိလို့ သူမကိုရှာတာမလား။ ဘာလို့ပြောင်းလိုက်တာလဲ။ သူမသည် ရွှမ်ရှင်းမန်အား သံသယ ဖြင့် ကြည့်လိုက်သည်။

"မစိုးရိမ်ပါနဲ့" ရွှမ်ရှင်းမန် နှစ်သိမ့်လေသည်။

ရှီမာယူယူသည် စိတ်ထဲမှ သိချင်စိတ်ကိုဖိနှိပ်ကာ ဂူလာမိုင်အား ကြည့်လိုက်သည်။

ဂူလာမိုင်သည် နန်းတော်ကိုပတ်ကာ ရေကူးပြီးနောက် ရှီမာယူယူရှေ့ရောက်လာသည်။ ရေထဲတွင် ရှည် ထားသော ရေပူပေါင်းများထသွားရာ သူမသည် လက်ကိုဆန့်ပြီးထိကြည့်မိလေသည်။

ထိုအချိန်တွင် ဂူလာမိုင်၏ မျက်ခုံးများအကြားတွင် သွေးစက်စုလာသည်။ ထိုအနီရောင်သွေးသည် ခရမ်း ရောင်အနည်းငယ်ပါလေသည်။

ထိုသွေးစက်သည် ရေထဲတွင် သွားပေါလောပေါ်နေသည်။ ရှီမာယူယူသည် အနံ့သင်းသင်းကိုရလိုက် သည်။

"ယူယူ သွားလိုက်" ရွှမ်ရှင်းမန်ပြောလေသည်။

"အမေ သမီးကဘယ်လိုလုပ် အဲလိုလုပ်လို့ဖြစ်မှာလဲ" ရှီမာယူယူသည် သူတို့၏ ဆိုလိုချက်ကိုနားလည် သဖြင့် ကျယ်လောင်စွာအော်လိုက်သည်။

"ဘာမဖြစ်နိုင်စရာရှိလဲ" ရွှမ်ရှင်းမန်ပြောလေသည် "သမီးက အမေတို့ကလေးပဲလေ၊ သွေးအနှစ် တစ်စက်ပဲလေ၊ အမေ့ခန္ဓာကိုယ်လုံးဝပြန်မကောင်းသေးလို့ မဟုတ်ရင် သမီးကိုတစ်စက်ပေးတယ်"

"ဒါပေမဲ့ အဲဒါက မွေးစားအဖေကိုအရမ်းနာသွားစေမှာ" ရှီမာယူယူသည် ခေါင်းရမ်းလေသည်။

သွေးအနှစ်သည် ဝိဉာဉ်မိစ္ဆာများ၏ စွမ်းအင်ကိုစုစည်းထားခြင်းဖြစ်သည်။ အစက်လေးတစ်စက်သာ ဖြစ်သော်လည်း အံ့ဖွယ်ဝိဉာဉ်မိစ္ဆာအဆင့်ရှိသော ဂူလာမိုင်လုပ်သော သွေးစက်မှာ အင်အားများစွာပါဝင်လေသည်။

"အဲဒါ သွေးအနှစ်၁စက်ပဲကို၊ သမီးစုပ်ယူပြီးရင် သူ့အတွက်ဆေးဖော်ပေးလိုက်ပေါ့" ရွှမ်ရှင်းမန်သည် ပြောလေသည်။ "သမီးက အမေတို့ကလေးဖြစ်သွားမှတော့ အမေတို့သွေးစီးဆင်းနေမှုဖြစ်မှာလေ၊ ရပါတယ် သွားလိုက်"

ရွှမ်ရှင်းမန်သည် သူမပခုံးကိုပုတ်ပြီး သွားရန်အချက်ပြလိုက်သည်။

ရှီမာယူယူသည် ဂူလာမိုင်ကိုလှည့်ကြည့်လေသည်။ သူ၏ ကြီးမားသောမျက်လုံးများသည် နက်ရှိုင်း သော အဓိပ္ပာယ်များစွာပါလေသည်။ သူမသည် အသက်ရှူသွင်းလိုက်ပြီးနောက် သွေးစက်ရှိရာသို့ သွားလိုက် သည်။

ဂူလာမိုင်သည် သွေးအနှစ်ကိုထိန်းချုပ်ပြီး ရှီမာယူယူ၏ မျက်ခုံးကြားသို့ ဖြေးညင်းစွာကပ်သွားပြီး ဝင် သွားစေလေသည်။ သွေးအနှစ်ဝင်သွားသည်နှင့် ရှီမာယူယူသည် သူမ၏ မျက်ခုံးများအကြားတွင် လောင်ကျွမ်း ခြင်းကိုခံစားရပြီး အလွန်နာကျင်မိလေသည်။

"အမေတို့ သမီးကိုစမ်းသပ်ပြီးပြီ သမီးခန္ဓာကိုယ်က သာမန်လူတွေထက် ပိုသန်မာတယ်၊ သွေးအနှစ်ရဲ့ စွမ်းအင်က သမီးကိုပိုနာစေလိမ့်မယ် ဒါပေမဲ့အဲဒါကိုကျော်ဖြတ်နိုင်ရင် အကျိုးရှိလိမ့်မယ်" ရွှမ်ရှင်းမန်ပြောလေသည်။

"နားလည်ပါတယ် အမေ" ရှီမာယူယူသည် နာကျင်မှုကို တောင့်ခံသော်လည်း သူမ၏ အသားအရေမှာ ဖျော့တော့လာသည်။

"သမီးဒီမှာ သွေးအနစ်ကိုစုပ်ယူလို့ရတယ် ဘယ်သူမှမနှောင့်ယှက်ဘူး၊ ဖန်ကျောက်ဖျာပေါ်မှာ စုပ်ယူလို့ ရတယ်၊ တက်သွားလိုက်" ရွှမ်ရှင်းမန်၏ ညွှန်ပြမှုနှင့် ရှီမာယူယူသည် ဖန်ကျောက်ဖျာပေါ်တက်လိုက်သည်။

ထိုအချိန်တွင် သူမသည် ဘာမှမပြောနိုင်ပေ။ သူမသည် ခြေထောက်ချိတ်ကာ သွေးအနစ်၏ စွမ်းအား များကိုစုပ်ယူလေသည်။

ဝူလာမိုင်သည် လူသားအသွင်ပြောင်းလေသည်။ ရွှမ်ရှင်းမန်သည် သူ၏ ဖြူဖျော့သော မျက်နာကိုတွေ့ သောအခါ အားနာစွာပြောလေသည် "ကျွန်မ တောင်းပန်ပါတယ် ဘုရင်ကြီး မခံနိုင်ရင် မလုပ်ရင်..."

"ဘာတွေပြောနေတာလဲ မင်းက သူမကိုအရမ်းချစ်တာလေ သူမက အခုငါတို့ရဲ့ မွေးစားသမီးဖြစ်နေပြီ၊ သွေးအနစ်တစ်စက်တည်းပါ ခဏနေ ပြန်ကောင်းလာမှာပါ" ဝူလာမိုင်သည် ပြောလေသည် "သူမ အပြည့်အဝ စုပ်ယူ ဖို့အချိန်ဘယ်လောက်ကြာမလဲ အင်အားဘယ်လောက်တိုးလာမလဲ သိချင်မိတယ်"